

BLUE SHIRT
Initiative

# မြန်မာ့နွေဦးတော်လှန်ရေး လေးနှစ်တာကာလ

## ပစ္စုပ္ပန် နှင့် အနာဂါတ်အလားအလာအပေါ် လူအများ၏ သဘောထားအမြင်

ဇွန်လ၊ ၂၀၂၅ ခုနှစ်။

BLUE SHIRT
Initiative

## Blue Shirt အဖွဲ့အကြောင်း

Blue Shirt Initiative အဖွဲ့သည် အချက်အလက်သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံရေးအားဖြင့် လွတ်လပ်၍ ပါတီစွဲကင်းသည့် အစိုးရမဟုတ်သော ပြည်တွင်းအခြေစိုက် အရပ်ဘက်အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီတန်ဖိုးများ အားကောင်းလာပြီး ခိုင်မာသည့် ဒီမိုကရက်တစ်အင်စတီကျူးရှင်းများ တည်ဆောက်နိုင်ရေး အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်လျက် သုတေသနလုပ်ငန်းများနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေပါသည်။
အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ တန်ဖိုးများနှင့် စည်းမျဉ်းများကို လိုက်နာကျင့်သုံးပြီး လုပ်ငန်းများဆောင်ရွက် ရာတွင်လည်း လူမျိုး၊ ကိုးကွယ်ယုံကြည်ရာ ဘာသာ၊ လိင်စိတ်ခံယူမှုတို့နှင့် ပတ်သက်၍ ခွဲခြားဆက်ဆံမှုမရှိဘဲ တန်းတူညီမျှစွာ ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင်လည်း လူမှုကွန်ရက်ဆိုင်ရာ သုတေသနအပါအဝင် နိုင်ငံသားများ၏ သဘောထားအမြင် စစ်တမ်းများ၊ သုတေသနများ ဆောင်ရွက်လျက်ရှိပါသည်။

## Blue Shirt အဖွဲ့အကြောင်း ပိုမိုသိရှိလိုလျှင်

https://www.facebook.com/BlueShirtInitiative

https://blueshirtinitiative.org

info@blueshirtinitiative.org

## ကျေးဇူးတင်လွှာ

BSI အဖွဲ့အနေဖြင့် ဤစစ်တမ်းကောက်ယူရာတွင် ပါဝင်ဖြေဆိုခဲ့ကြသူများ၊ ကြီးကြပ်ခဲ့သူများနှင့် ဤစစ်တမ်းအတွက် ငွေကြေးဆိုင်ရာ အကူအညီပေးခဲ့သော အဖွဲ့အစည်းများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

# မာတိကာ


က။ **စစ်တမ်းဖြေဆိုသူအချက်အလက်**

ခ။ **အစီရင်ခံစာ အနှစ်ချုပ်**

၁။ **နိုင်ငံသားနှင့် နိုင်ငံရေးယဉ်ကျေးမှုဓလေ့** ၈
၁.၁။ လူအချင်းချင်းအကြားယုံကြည်မှု ၉
၁.၂။ ကွဲပြားခြားနားမှုနှင့် မတူညီမှုကိုနားလည်လက်ခံပေးခြင်း ၁၁
၁.၃။ သင်းပင်းအဖွဲ့အစည်းများတွင်ပါဝင်လှုပ်ရှားမှု ၁၂
၁.၄။ ဒီမိုကရေစီစနစ် နှင့် မြန်မာနိုင်ငံ ၁၃
၁.၅။ ဖက်ဒရယ်စနစ် နှင့် မြန်မာနိုင်ငံ ၁၄
၁.၆။ ပြည်နယ်သစ် သို့မဟုတ် ဖက်ဒရယ်ယူနစ်အသစ်များဖွဲ့စည်းရေးအပေါ်သဘောထားအမြင် ၁၅
၁.၇။ ခွဲထွက်ရေးအပေါ်သဘောထားအမြင် ၁၆
၁.၈။ နိုင်ငံအပေါ်ဂုဏ်ယူဝင့်ကြွားခြင်း နှင့် သိမ်ငယ်ရှက်ရွံ့ခြင်း ၁၇
၁.၉။ နိုင်ငံသားဖြစ်မှုအပေါ်သဘောထား ၁၈

၂။ **တိုင်းပြည်အပေါ် လူထု၏စိတ်ခံစားမှု** ၂၁
၂.၁။ လက်ရှိလူမှုဘဝအခြေအနေအပေါ်သဘောထားအမြင် ၂၂
၂.၂။ စီးပွားရေးနှင့်လုပ်ငန်းများ လည်ပတ်နိုင်မှုအနေအထား ၂၃
၂.၃။ လမ်းကြောင်းမှန် နှင့် လမ်းကြောင်းအမှား ၂၄
၂.၄။ ရွေးကောက်ပွဲများ ၂၇

၃။ **လက်နက်ကိုင်ပဋိပက္ခ** ၂၈
၃.၁။ ပဋိပက္ခအခြေအနေ အပေါ်သဘောထားအမြင် ၂၉
၃.၂။ ပဋိပက္ခဖြေရှင်းရေးနည်းလမ်းအပေါ်သဘောထားအမြင် ၃၀
၃.၃။ ပဋိပက္ခဖြေရှင်းရေးလက်တွေ့မဟာဗျူဟာ ၃၂


၄။ **အင်စတီကျူးရှင်းများအပေါ်ယုံကြည်မှု** ၃၄
၄.၁။ အတိုက်အခံအင်အားစုများအပေါ်ယုံကြည်မှု ၃၅
၄.၂။ EAOs/EROs များအပေါ်ယုံကြည်မှု ၃၆
၄.၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ၎င်း၏အင်စတီကျူးရှင်းများအပေါ်ယုံကြည်မှု ၃၆
၄.၄။ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာရေးခေါင်းဆောင်များအပေါ်ယုံကြည်မှု ၃၇


၅။ **လူမှုကွန်ရက်မီဒီယာ နှင့် နိုင်ငံရေးသတင်းအရင်းအမြစ်** ၃၈
၅.၁။ နိုင်ငံရေးအမြင်အပေါ် ဩဇာလွှမ်းမိုးမှု ၃၉
၅.၂။ လူမှုကွန်ရက်မီဒီယာပို့စ်များ၏ အရည်အသွေးနှင့်အကြောင်းအရာ ၄၀
၅.၃။ နိုင်ငံရေးဆိုင်ရာ အဓိကသတင်းအရင်းအမြစ် ၄၂


စစ်တမ်းကောက်ယူမှု နည်းစနစ် ၄၃


**စစ်တမ်းမေးခွန်းပုံစံ** ၄၄

# က။ စစ်တမ်းဖြေဆိုသူအချက်အလက်




ပုံ-၁။ စစ်တမ်းဖြေဆိုသူဆိုင်ရာအချက်အလက်

## ၁။ အစီရင်ခံစာ အနှစ်ချုပ်

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအလွန် စစ်ရေးနိုင်ငံရေးပဋိပက္ခများကြောင့် လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံသားများ၏ လူမှုဘဝစီးပွား အခြေအနေတစ်ခုလုံး ဖရိုဖရဲဖြစ်သွားကာ မထင်မှတ်ထားလောက်အောင်ပြောင်းလဲသွားကြပါသည်။ ယင်းအပြောင်းအလဲကို ယာယီ သဘောအဖြစ်ရှုမြင်ပြီး မကြာမီကာလအတွင်း ပဋိပက္ခများ ချုပ်ငြိမ်း၍ ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင် လိမ့်မည်ဟု အကောင်းမြင်ကောက်ချက်ဆွဲကြသူများရှိသကဲ့သို့ ပဋိပက္ခများကို ဖြေရှင်းနိုင်စွမ်းမရှိတော့ဘဲ တိုင်းပြည်တစ်ခုလုံး ပြိုကွဲ ပျက်စီးသွားနိုင်သည့် အခြေအနေသို့ ရောက်ရှိသွားလိမ့်မည်ဟု စိုးရိမ်ပူပန်နေကြသူများ ရှိကြပါသည်။ လက်ရှိအခြေအနေနှင့် ပတ်သက်၍ ဩဇာတိက္ကမ ရှိသူများနှင့် နာမည်ကျော်ကြားသူများ၏ သဘောထားအမြင်နှင့် သုံးသပ်ချက်များကို သတင်းမီဒီယာပေါ်တွင် လွယ်လွယ်ကူကူ သိနိုင်သော်လည်း သာမန်ပြည်သူလူထု၏ သဘောထားအမြင်နှင့် အနာဂါတ်မျှော်မှန်းချက်များကမူ မတွေ့ရသလောက် ပင်ဖြစ်သည်။ အထူးသဖြင့် ယခုလို ဆူညံသံများပွက်လောထဖုံးလွှမ်းနေသည့် သတင်းအချက်အလက်ဂေဟစနစ်အတွင်း ပြည်သူလူထု၏ သဘောထားအမှန်ကို သိရှိရန်မှာ မဖြစ်တော့သလောက်ပင်ဖြစ်သည်။ ယင်းဆူညံသံများအကြား ပြည်သူလူထု၏ အသံအစစ်အမှန်ကို ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် Blue Shirt သုတေသနအဖွဲ့က အများပြည်သူလူထုကို တိုက်ရိုက်တွေ့ဆုံ စစ်တမ်းကောက်ယူရန် ဆုံးဖြတ်ခဲ့ရခြင်း ဖြစ်ပါသည်။ ထို့ပြင် လူမှုမီဒီယာကွန်ရက်ပေါ်မှ ပွဲတင်သံအခန်းသက်ရောက်မှုကို ခြေဖျက်၍ ပိုမိုကျယ်ပြန့်သည့် လူထု၏သဘောထားအမြင်အား သိရှိနားလည်နိုင်ရန် ရည်ရွယ်ပါသည်။ ထို့ကြောင့် Blue Shirt သုတေသနအဖွဲ့ အနေဖြင့်၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက် မှ ၂၅ ရက်အတွင်း နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ် ၂၃၇ မြို့နယ်မှ အသက် ၁၈ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူ နိုင်ငံသား ၃,၁၂၈ ဦးကို တွေ့ဆုံ၍ စစ်တမ်းကောက်ယူခဲ့ပါသည်။ စစ်တမ်းတွင် အဓိကအားဖြင့် လက်ရှိနွေဦးတော်လှန်ရေးနှင့် ပတ်သက်၍ အကောင်းမြင်သည် သို့မဟုတ် အဆိုးမြင်သည်၊ မျှော်လင့်ချက်ရှိသည် သို့မဟုတ် စိတ်ပျက်အားလျော့နေသည် စသည့် ယေဘုယျသဘောထားအမြင်များအပြင် ၎င်းတို့၏ နေ့စဉ်လူမှုဘဝအခက်အခဲများနှင့် ပတ်သက်၍ မေးမြန်းထားပါသည်။ ထို့ပြင် ပြည်နယ်သစ်များ သို့မဟုတ် ဖက်ဒရယ်ယူနစ်အသစ်များ ဖွဲ့စည်းရေးသာမက နိုင်ငံမှခွဲထွက်ရေးကိစ္စများမှာ နိုင်ငံရေးဦးဆောင်သူများအကြား ဆွေးနွေးငြင်းခုံနေသည့် အကြောင်းအရာများဖြစ်လာသည့်အလျောက် အများပြည်သူ၏ သဘောထားကိုသိရှိနိုင်ရန် ထည့်သွင်းမေးမြန်းခဲ့ပါသည်။ နောက်ထပ် ထည့်သွင်းမေးမြန်းခဲ့သည့် အကြောင်းအရာတစ်ခုမှာ လက်ရှိနိုင်ငံရေးနှင့် လက်နက်ကိုင်ပဋိပက္ခဖြေရှင်းရေး တို့အနက် မည်သည့် နည်းလမ်းက လက်တွေ့ကျအလုပ်ဖြစ်သည်ဟု ထင်မြင်ကြနေကြသည်ကိုလည်း စစ်တမ်းကောက်ယူ မေးမြန်းခဲ့ပါသည်။

အာဏာသိမ်းပြီးနောက်ပိုင်း အရပ်ဘက်အဖွဲ့အစည်းများအတွက် စစ်တမ်းကောက်ယူရာတွင် (Probability Sampling) ကျပန်းနမူနာများ ရွေးထုတ်သတ်မှတ်၍ ကောက်ယူသည့်နည်းလမ်းကို အသုံးပြုရန်မဖြစ်နိုင်သည့်အတွက် ဤစစ်တမ်းကောက်ယူရာတွင် (Non-probability Sampling) စစ်တမ်းဖြေဆိုသူများကို ဒေသခံသုတေသီများမှ ကြိုတင်ရွေးချယ်၍ တွေ့ဆုံမေးမြန်းသည့် နည်းလမ်းကိုသာ အသုံးပြုနိုင်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုအားလုံးသည် မြန်မာနိုင်ငံအလယ်ပိုင်းကို ဦးတည်လှုပ်ခတ်ခဲ့သည့် ရစ်ချက်တာစကေး ၇.၇ ရှိသည့် ငလျင်ကြီး မဖြစ်ပွားမီ သုံးရက်မတိုင်မီ မတ်လ ၂၅ ရက်နေ့တွင် အပြီးသတ်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ဤစစ်တမ်းတွေ့ရှိချက်များ နှင့်ပတ်သက်၍ အဓိကအချက် နှစ်ချက်ကို သတိချပ်ရန် အသိပေးလိုပါသည်။ ပထမအချက်အနေဖြင့် စစ်တမ်းကောက်ယူရာတွင် ကျပန်းနမူနာရွေးထုတ်သတ်မှတ်သည့်နည်းလမ်းကို သုံးထားခြင်းမရှိသဖြင့် စစ်တမ်းတွေ့ရှိချက်များမှာ စစ်တမ်းကိုပါဝင်ဖြေဆိုခဲ့ဆိုသူများ၏ သဘောထားအမြင်သာဖြစ်ပြီး နိုင်ငံတွင်းရှိ နိုင်ငံသားများအားလုံး၏ သဘောထားကို ထင်ဟပ်နိုင်ခြင်း မရှိချေ။ ပုဂ္ဂလိကလုံခြုံရေးအရ စိတ်ချယုံကြည်ရသည့် သူများကိုသာထည့်သွင်းရှာဖွေနိုင်ခဲ့သဖြင့် စစ်တမ်းဖြေဆိုသူများမှာ အနည်းနှင့် အများနိုင်ငံရေးလှုပ်ရှားမှုများနှင့် ပတ်သက်နေသူများဖြစ်သည့်အလျောက် ယခုစစ်တမ်းတွင် ပါဝင်ဖြေဆိုသူများအနက် ၈၀ ရာခိုင်နှုန်းခန့်က နိုင်ငံရေးကို စိတ်ပါဝင်စားသူများဖြစ်ကြပါသည်။ သို့သော်လည်း ဤတွေ့ရှိချက်များမှာ မြန်မာပြည်တွင်းရှိ ပြည်သူအများ၏ သဘောထားအမြင်ကို အတိုင်းအတာတစ်စုံတစ်ရာအထိ ထင်ဟပ်သည်ဟု ယုံကြည်သည့်အလျောက် အများပြည်သူ၏ သဘောထားအမြင်ကို လေ့လာရာတွင် အထောက်အကူဖြစ်လိမ့်မည်ဟု Blue Shirt သုတေသနအဖွဲ့က ယုံကြည်ပါသည်။ ဒုတိယအချက် အနေဖြင့် အထက်တွင်ဆိုခဲ့သည့်အတိုင်း စစ်တမ်း

မေးမြန်းမှုများအားလုံးကို လျေင်ကြီးမဖြစ်ပွားမီ အပြီးသတ်ခဲ့သဖြင့် လျေင်ကြီး မဖြစ်ပွားမီနှင့် လျေင်ကြီး နောက်ပိုင်း အများပြည်သူ၏ သဘောထားအမြင်များ မည်သည့်အတိုင်းအတာအထိ ပြောင်းလဲသွား နိုင်သည် ဆိုသည်ကို တိုင်းတာနိုင်ခဲ့ခြင်းမရှိချေ။

**နိုင်ငံသားနှင့် နိုင်ငံရေးယဉ်ကျေးမှုဓလေ့။** ၂၀၂၄ ခုနှစ် စစ်တမ်းတွေ့ရှိချက်နှင့်နှိုင်းယှဉ်ပါက ယခု ၂၀၂၅ ခုနှစ် စစ်တမ်းတွင် လူအချင်းချင်း အကြားယုံကြည်မှုမှာ အနည်းငယ်ပြန်လည်မြင့်တက်လာသည်ဟု ဆိုရပါမည်။ သို့သော်လည်း ဆယ်စုနှစ်တစ်ခုအတွင်း အနိမ့်အခြေအနေတွင် ရောက်ရှိနေဆဲပင်ဖြစ်သည်။ အာဏာသိမ်းမှု နောက်ပိုင်း နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုများပြုလုပ်ရန် မဖြစ်နိုင်သည့် အခြေအနေသို့ ရောက်နေသော်လည်း ရပ်/ရွာဆိုင်ရာ လှုပ်ရှားမှုများမှာ အားကောင်းနေဆဲဖြစ်နေသည်ကို တွေ့ရပါသည်။ အဓိကအားဖြင့် ရပ်/ရွာ အားကစားလှုပ်ရှားမှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ စုဖွဲ့လှုပ်ရှားမှုများ၊ ရပ်/ရွာလူမှုကူညီရေး လှုပ်ရှားမှုများနှင့် ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများမှာ အားကောင်းနေဆဲဖြစ်သည်။ ဤရပ်/ရွာဆိုင်ရာ စုဖွဲ့လှုပ်ရှားမှုများသည် လူ့အဖွဲ့အစည်းအတွင်း ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးအတွက် အထောက်အပံ့ကောင်းများ ဖြစ်သည်ဟု လည်း Blue Shirt သုတေသနအဖွဲ့က ယုံကြည်ပါသည်။

ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်မှာ မြန်မာနိုင်ငံအတွက် အသင့်လျော်ဆုံးစနစ်ဖြစ်သည်ဟု လူအများအကြား အတိုင်းအတာမှာ ကျဆင်းသွားခြင်းမရှိဘဲ မြင့်မားနေဆဲဖြစ်ပါသည်။ သို့သော်လည်း ပြည်နယ်သစ်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ အသေးစိတ် ထပ်မံမေးမြန်းရာတွင် လူအနည်းငယ်ကသာလက်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး နယ်နိမိတ်များကို ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းကို သဘောတူလက်ခံကြသည်ကိုလည်းတွေ့ရပါသည်။ အလားတူ ပင် နိုင်ငံမှခွဲထွက်ရန်ဆန္ဒရှိသည့် ဒေသများကို ခွဲထွက်ခွင့်ပြုသင့်သည်ဆိုသည့်အမြင်ကို စစ်တမ်းဖြေဆိုသူ အချို့ ကသာ သဘောတူလက်ခံပါသည်။

နိုင်ငံသားအဖြစ်သတ်မှတ်နိုင်ရန် လိုအပ်သည့်အရည်အချင်းနှင့် ပတ်သက်၍မူ စစ်တမ်းဖြေဆိုသူအများစုက ကန့်သတ်တင်းကြပ်လိုသည့် သဘောထားအမြင်ရှိသည်ကို တွေ့ရပါသည်။ အဓိကအားဖြင့် နိုင်ငံသားအဖြစ် သတ်မှတ်ရာတွင် တိုင်းရင်းသားလူမျိုးဖြစ်မှု၊ ဘာသာစကားပြောဆိုနိုင်မှုနှင့် ကိုးကွယ်ရာဘာသာစသည့် ဇာတိ ဇာစ်မြစ်အပေါ်အခြေခံ၍ ဆုံးဖြတ်သတ်မှတ်လိုသည်ကိုတွေ့ပါသည်။ သို့သော်လည်း စစ်တမ်းဖြေဆိုသူအများစု အကြား နိုင်ငံချစ်ခင်ဂုဏ်ယူစိတ် ကျဆင်းနေပြီး အနည်းငယ်ကသာ နိုင်ငံအပေါ် ဂုဏ်ယူဝင့်ကြွား ရပါသည်ဟု ဖြေဆိုထားပါသည်။

**တိုင်းပြည်အပေါ် လူထု၏စိတ်ခံစားမှု။** ယေဘုယျအားဖြင့် စစ်တမ်းဖြေဆိုသူများက လက်ရှိအနေအထားနှင့် ပတ်သက်၍ စိတ်ပျက်လက်ပျက်ဖြစ်နေပြီး အဆိုးမြင်နေကြသည်ကိုတွေ့ရပါသည်။ ၂၀၂၁ ခုနှစ်တွင် အာဏာသိမ်းမှု၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် နိုင်ငံတစ်ဝန်းလုံး အကြမ်းဖက်မှုများနှင့် ကြုံတွေ့နေရပြီး လမ်းကြောင်းအမှားပေါ် ရောက်သွားသည်ဟု အများစုက ရှုမြင်ကြပါသည်။ ထို့ပြင် လက်ရှိအနေအထားမှာ ၎င်း တို့၏ နေ့စဉ်လူနေမှုဘဝနှင့် စီးပွားရေးလုပ်ငန်းများ လည်ပတ်ရန် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်ဟု စစ်တမ်းဖြေဆိုသူအများစုက ဖြေဆိုကြပါသည်။ ထိုမျှသာမက စစ်တမ်းဖြေဆိုသူ လေးပုံတစ်ပုံခန့်က ပြီးခဲ့သည့် ခြောက်လအတွင်း ၎င်းတို့အနေဖြင့် ဝင်ငွေမရှိဘဲ နေထိုင်ခဲ့ကြရပြီး ပစ္စည်းဥစ္စာများလည်း ပေါင်နှံရောင်းချခဲ့ရ သည်ဟု ဆိုပါသည်။ ဤအခြေအနေမျိုးတွင် နိုင်ငံအနေဖြင့် ရွေးကောက်ပွဲကျင်းပရန်မှာ အချိန်အခါကောင်း မဟုတ်ဟုလည်း ရှုမြင်ကြပါသည်။

**လက်နက်ကိုင်ပဋိပက္ခ။** လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခနှင့် ပတ်သက်၍ စစ်တမ်းဖြေဆိုသူများ အကြား အမြင်နှစ်မျိုးကို တွေ့ရသည်။ စစ်တမ်းဖြေဆိုသူထက်ဝက်ခန့်မှာ လက်ရှိပဋိပက္ခများသည် လာမည့်ငါးနှစ် အတွင်း ချုပ်ငြိမ်းသွားလိမ့်မည်ဟု အကောင်းမြင်မျှော်လင့်သော်လည်း ကျန်တဝက်ကမူ ထို့ထက်ပိုမိုကြာညောင်း လိမ့်မည်ဟု စိုးရိမ်ပူပန်ကြပါသည်။ ပဋိပက္ခဖြေရှင်းရေးနှင့် ပတ်သက်၍ လက်နက်ကိုင်နည်းလမ်းသည် ကျန် နိုင်ငံရေးနည်းလမ်းနှင့် နိုင်ငံတကာကြားဝင်စေ့စပ်သည့် နည်းလမ်းများထက် ပိုမိုထိရောက်မှုရှိသည်ဟု သဘော ထားအမြင်ရှိသော်လည်း လက်တွေ့ကျကျ လုပ်ဆောင်ရန်အတွက်မူ နိုင်ငံရေးနည်းလမ်းတခုကို အမြန်ဆုံးရှာဖွေ သင့်သည်ဟု ဆိုကြပါသည်။

**အင်စတီကျူးရှင်းများအပေါ်ယုံကြည်မှု။** ယခင်နှစ်တွင် ကောက်ယူခဲ့သည့် စစ်တမ်းအသီးသီး၏ တွေ့ရှိချက်များအတိုင်းပင် နစက (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ)၊ နစကခေါင်းဆောင်များ၊ အစိုးရယန္တရားများနှင့် အများပြည်သူအကြား ယုံကြည်မှုကင်းမဲ့နေသည်ကိုတွေ့ရပြီး စစ်တမ်းဖြေဆိုသူဆယ်ဦးတွင် ရှစ်ဦးက မယုံကြည်ပါဟု တုံ့ပြန်ထားပါသည်။ ဆန့်ကျင်ဖက်အနေဖြင့် EAOs/EROs များအပါအဝင် ဒီမိုကရေစီအင်အားစုများပေါ် ယုံကြည်မှုမှာ အားကောင်း မြင့်မားနေဆဲဖြစ်သည်ကို တွေ့ရပါသည်။ အထူးသဖြင့် နွေဦးတော်လှန်ရေးတွင် တိုက်ရိုက်ပါဝင်မှုမရှိလင့်ကစား ဒေါ်အောင်ဆန်းစုကြည်အပေါ် ယုံကြည်မှုမှာ အခြားသူများအားလုံးကို ကျော်လွန်၍ အမြင့်ဆုံးဖြစ်နေသည်ကိုတွေ့ရပါသည်။

**လူမှုကွန်ရက်မီဒီယာ နှင့် နိုင်ငံရေးသတင်းအရင်းအမြစ်။** ယေဘုယျအားဖြင့် နိုင်ငံရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက် ရယူနိုင်ရေးအတွက် လူမှုကွန်ရက်မီဒီယာများမှာ အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်ကို စစ်တမ်းဖြေဆိုသူအများစု အသိအမှတ်ပြုလက်ခံကြသည်ကိုတွေ့ရပါသည်။ သို့သော်လည်း လူမှုကွန်ရက်မီဒီယာများပေါ်ရှိ သတင်းအချက်အလက်များ၏ အရည်အသွေး၊ မှန်ကန်တိကျမှုနှင့် ပတ်သက်၍မူ သံသယရှိသည်ကိုလည်း တွေ့ရပါသည်။ စစ်တမ်းဖြေဆိုသူ ဆယ်ဦးတွင် ရှစ်ဦးက Facebook၊ Youtube၊ Websites၊ TikTok၊ Telegram စသည်တို့မှာ နိုင်ငံရေးသတင်းများရယူရန်အတွက် အဓိကသတင်းအရင်းအမြစ်များဖြစ်သည်ဟု ဆိုပါသည်။





# နိုင်ငံသားနှင့် နိုင်ငံရေးယဉ်ကျေးမှုဓလေ့


၁

## ၁.၁။ လူအချင်းချင်းအကြားယုံကြည်မှု


လူမှုရေးသိပ္ပံသုတေသနတွေ့ရှိချက်များအရ လူ့အဖွဲ့အစည်းအတွင်းရှိ လူအချင်းချင်းအကြား ယုံကြည်မှုမြင့်မားခြင်း နှင့် လူမှုအရင်းအနှီး (Social Capital) အားကောင်းခြင်းသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်နေသည်ဟု ညွှန်းဆိုလေ့ရှိပါသည်။ ထို့ကြောင့်လည်း လွန်ခဲ့သောဆယ်စုနှစ်က နိုင်ငံရေးစီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် လူ့အဖွဲ့အစည်းအတွင်း ယုံကြည်မှုအဆက်အစပ်ကို တိုင်းတာရန် ၂၀၁၅ နှင့် ၂၀၂၀ ခုနှစ်အတွင်း အဖွဲ့အစည်းအချို့က စစ်တမ်းများကောက်ယူခဲ့ကြပါသည်။ ၂၀၁၇ ခုနှစ်တွင် လူ့အဖွဲ့အစည်းအတွင်း ယုံကြည်မှုအတိုင်းအတာမှာ အနိမ့်ဆုံးဖြစ်ပြီး လူဦးရေ၏ ၁၇ ရာခိုင်နှုန်းကသာ လူအများစုက ယုံကြည်ရပါသည်ဟု ဖြေဆိုကြပါသည်။ သို့ဖြစ်ပါ၍ Blue Shirt သုတေသနအဖွဲ့အနေဖြင့် အာဏာသိမ်းမှုအလွန် စစ်ရေးနှင့် နိုင်ငံရေးပဋိပက္ခများက လူ့အဖွဲ့အစည်းအတွင်း ယုံကြည်မှုအတိုင်းအတာအား မည်သို့သက်ရောက်မှုရှိသည်ကို တိုင်းတာနိုင်ရန် ၂၀၂၄ ခုနှစ်တွင် စစ်တမ်းတစ်ခု ကောက်ယူခဲ့ပြီး ယခုနှစ်တွင်လည်း ထည့်သွင်းကောက်ယူခဲ့ပါသည်။ ယေဘုယျအားဖြင့် စစ်တမ်းတွေ့ရှိချက်များအရ လူအဖွဲ့အစည်းအတွင်း အချင်းချင်း ယုံကြည်မှုမှာ ဆက်လက်ကျဆင်းနေသည် ကိုတွေ့ရပါသည်။ စစ်တမ်းဖြေဆိုခဲ့သူ ဆယ်ဦးတွင် ရှစ်ဦးခန့် (၈၅ ရာခိုင်နှုန်း)က လူအများနှင့် ဆက်ဆံရာတွင် သတိထားဆက်ဆံရန် လိုအပ်သည်ဟု ဖြေဆိုကြပြီး ၁၃ ရာခိုင်နှုန်းခန့်ကသာ လူအများစုက ယုံကြည်ရပါသည်ဟု ဖြေဆိုကြပါသည်။ ၂၀၂၄ ခုနှစ်တွင် ၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားပြီး ယခုနှစ်တွင် အနည်းငယ် ပြန်လည် မြင့်တက်လာသော်လည်း အနိမ့်ဆုံး အနေအထားတွင်ရှိနေဆဲဖြစ်သည်ကို တွေ့ရပါသည်။ ဤသို့ ယုံကြည်မှု ကျဆင်းနေသည်ကို အသက်အရွယ်၊ ကျား-မ၊ မြို့ပြ-ကျေးလက် နှင့် ပြည်နယ်၊တိုင်းဒေသကြီးမရွေး အားလုံးတွင် ကျဆင်းနေသည်ကို တွေ့ရပါသည်။




ပုံ-၂။ လူအချင်းချင်းအကြားယုံကြည်မှု (ဖြေဆိုသူအားလုံး) n=၂၈၀၈





ပုံ-၃။ လူအချင်းချင်းအကြားယုံကြည်မှု




ပုံ-၄။ လူအချင်းချင်းအကြားယုံကြည်မှု (၂၀၁၄-၂၀၂၅)

## ၁.၂။ ကွဲပြားခြားနားမှုနှင့် မတူညီမှုကိုနားလည်လက်ခံပေးခြင်း


တစ်ဆက်တည်းတွင် လူ့အဖွဲ့အစည်းတွင်းယုံကြည်မှုနှင့် ဆက်စပ်နေသည့် လူမှုသဟဇာတဖြစ်မှုနှင့် ပတ်သက်၍လည်း ဆက်လက် မေးမြန်းခဲ့ပါသည်။ အဓိကအားဖြင့် လူ့အဖွဲ့အစည်းအတွင်း လူမှုရေးနောက်ခံ၊ ကိုးကွယ်ယုံကြည်မှုနှင့် နိုင်ငံရေးရပ်တည်ချက် စသဖြင့် ကွဲပြားနေသော လူအုပ်စုများအပေါ် မည်သို့ သဘောထားသည်ကိုမေးမြန်းရာ စစ်တမ်းဖြေဆိုသူအများစုက ရာဇဝတ်မှုနှင့်ဆက်စပ်သည့် လူများအပေါ် မယုံကြည်သည်ကို တွေ့ရပါသည်။ စစ်တမ်းဖြေဆိုသူအများစုကမူ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ အရက်စွဲနေသူများ နှင့် အိမ်နီးနားချင်းအဖြစ် အတူမနေလိုပါဟု ဖြေကြားကြပါသည်။ စစ်တမ်းဖြေဆိုသူ ၂၁ ရာခိုင်နှုန်းကမူ ၎င်းတို့ နှင့် နိုင်ငံရေးအယူအဆ၊ ရပ်တည်ချက်မတူညီသူများနှင့် အိမ်နီးချင်းမဖြစ်လိုဟု ဖြေကြားကြပါသည်။




ပုံ-၅။ မတူညီသည့်လူအုပ်စုများအပေါ်သဘောထားအမြင် (ဖြေဆိုသူအားလုံး) n=၂၈၀၈

## ၁.၃။ သင်းပင်းအဖွဲ့အစည်းများတွင်ပါဝင်လှုပ်ရှားမှု


နိုင်ငံတနံတလျားတွင် ဖြစ်ပွားနေသော စစ်ရေးနှင့် နိုင်ငံရေးပဋိပက္ခများကြောင့် ရပ်/ရွာအတွင်း စုဝေးဆွေးနွေးမှု၊ စုပေါင်းဆောင်ရွက်မှုများမှာ လုံးဝရပ်တန့်သွားသည်ဟု မဆိုနိုင်သော်လည်း သိသိသာသာ လျော့ပါးသွားသည်ဟု ဆိုရပါမည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရပ်/ရွာလူမှုအသိုင်းအဝိုင်းအတွင်း စုဝေးဆွေးနွေးမှုများ စုပေါင်းဆောင်ရွက်မှုများပြုလုပ်လိုပါက မည်သည့်ပုံစံဖြင့် စုဝေးဆောင်ရွက်နေကြသည်ကို သိရှိနိုင်ရန် Blue Shirt စစ်တမ်းကောက်ယူသူများမှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။ စစ်တမ်းဖြေဆိုသူ အများစုကမူ ပဋိပက္ခများကြောင့် သင်းပင်းအဖွဲ့အစည်းများ၏ တရားဝင်အခန်းကဏ္ဍ မှေးမှိန်သွားသော်လည်း ၎င်းတို့၏ ရပ်/ရွာကိစ္စများကို ရပ်/ရွာ သာရေးနာရေးသင်းပင်းများ (၇၁ ရာခိုင်နှုန်း) နှင့် ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များ (၇၂ ရာခိုင်နှုန်း) များမှ တစ်ဆင့် စုပေါင်းဆောင်ရွက်ကြသည်ဟု ဆိုကြပါသည်။





ပုံ-၆။ သင်းပင်းအဖွဲ့အစည်းများတွင်ပါဝင်လှုပ်ရှားမှု (ဖြေဆိုသူအားလုံး) n=၂၈၀၈

## ၁.၄။ ဒီမိုကရေစီစနစ် နှင့် မြန်မာနိုင်ငံ

နိုင်ငံရေးစနစ်နှင့် ပတ်သက်၍ စစ်တမ်းဖြေဆိုသူအများအပြားက ဒီမိုကရေစီစနစ်ကသာ မြန်မာနိုင်ငံနှင့် အသင့်တော်ဆုံး နိုင်ငံရေးစနစ်တစ်ခုဟု ခိုင်ခိုင်မာမာ ယုံကြည်ကြသည်ကို တွေ့ရပါသည်။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအကြား ကွဲပြားမှုမရှိပဲ ဖြေဆိုသူအားလုံးက မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကိုသာ လက်ခံကျင့်သုံးလိုကြသည်ကို တွေ့ရပါသည်။ စစ်တမ်းဖြေဆိုသူ ဆယ်ဦးတွင် ကိုးဦးက မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီ အပြည့်အဝကျင့်သုံးနိုင်ရေးမှာ အရေးကြီးသည်ဟု ဖြေဆိုကြပြီး ယင်းတို့အနက် ထက်ဝက်ကျော် ၅၅ ရာခိုင်နှုန်းက "အလွန်အရေးကြီးသည်"ဟုပင် အလေးပေးဖြေကြားထားသည်ကို တွေ့ရပါသည်။ အခြားဒေသမှ စစ်တမ်းဖြေဆိုသူများနှင့် နှိုင်းယှဉ်ပါက စစ်ကိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့မှ စစ်တမ်းဖြေဆိုသူများက ဒီမိုကရေစီစနစ်ကို လက်ခံယုံကြည်မှု ပိုမိုမြင့်မားသည်ကိုတွေ့ရပါသည်။





ပုံ-၇။ ဒီမိုကရေစီစနစ်အပေါ်သဘောထားအမြင် (ဖြေဆိုသူအားလုံး) n=၂၈၀၈





ပုံ-၈။ ဒီမိုကရေစီစနစ်အပေါ်သဘောထားအမြင်

## ၁.၅။ ဖက်ဒရယ်စနစ် နှင့် မြန်မာနိုင်ငံ

ဆက်လက်၍ မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်ကျင့်သုံးရေးနှင့် ပတ်သက်၍ မေးမြန်းရာတွင် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသည့် အတိုင်းအတာနှင့် နှိုင်းယှဉ်ပါက အနည်းငယ် လျော့ကျသည်ဟု ဆိုနိုင်သော်လည်း ဖက်ဒရယ်စနစ်ကို လက်ခံကျင့်သုံးလိုမှုမှာ မြင့်မားသည်ဟု ဆိုရပါမည်။ စစ်တမ်းဖြေဆိုသူ ၇၇ ရာခိုင်နှုန်းက မြန်မာနိုင်ငံအနေဖြင့် ဖက်ဒရယ်စနစ် ကျင့်သုံးရန်မှာ အရေးကြီးသည်ဟု ထောက်ခံဖြေကြားကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား သဘောထားအမြင်များ ကွာခြားခြင်းမရှိသည်ကို တွေ့ရပါသည်။ ပြည်နယ်များမှ ဖြေဆိုမှုများနှင့်နှိုင်းယှဉ်ပါက စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများမှ ဖြေဆိုသူများသည် ဖက်ဒရယ်စနစ်ကို လက်ခံယုံကြည်မှု ပိုမိုမြင့်မားသည်ကို တွေ့ရပါသည်။ ရန်ကုန်တိုင်းဒေသကြီးမှဖြေဆိုသူများကမူ ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ ယုံကြည်မှုနည်းပါးသည်ကိုတွေ့ရပြီး စစ်တမ်းဖြေဆိုသူများအနက် ၂၈ ရာခိုင်နှုန်းကသာ ဖက်ဒရယ်စနစ် ကျင့်သုံးရေးမှာ အလွန်အရေးကြီးသည်ဟု ရှုမြင်ကြပါသည်။





ပုံ-၉။ ဖက်ဒရယ်စနစ်အပေါ်သဘောထားအမြင် (ဖြေဆိုသူအားလုံး) n=၂၈၀၈





ပုံ-၁၀။ ဖက်ဒရယ်စနစ်အပေါ်သဘောထားအမြင်

## ၁.၆။ ပြည်နယ်သစ် သို့မဟုတ် ဖက်ဒရယ်ယူနစ်အသစ်များဖွဲ့စည်းရေးအပေါ်သဘောထားအမြင်

မြန်မာ့နွေဦးတော်လှန်ရေး လူထုလှုပ်ရှားမှု အရှိန်အဟုန်မြင့်မားလာသည်နှင့်အမျှ ဖက်ဒရယ်စနစ်ကိုလက်ခံမှု အတိုင်းအတာမှာ အများပြည်သူအကြား ပိုမိုအားကောင်းလာသည်ကိုတွေ့ရပါသည်။ တစ်ဆက်တည်းတွင်လည်း ပြည်နယ်အသစ်ဖွဲ့စည်းရေး(ဝါ) ဖက်ဒရယ်ယူနစ်အသစ်များဖွဲ့စည်းရေးကိစ္စမှာ ဒီမိုကရေစီအရေးလှုပ်ရှားသူများ အကြား အရေးတကြီး ထည့်သွင်းဆွေးနွေးရမည့် အကြောင်းအရာ ဖြစ်လာပါသည်။ သို့ဖြစ်ပါ၍ အများပြည်သူများ အနေဖြင့် ပြည်နယ်သစ် သို့မဟုတ် ဖက်ဒရယ်ယူနစ်အသစ် ဖွဲ့စည်းရေးနှင့်ပတ်သက်၍ မည်သို့သဘောထားကြ သည်ကို မေးမြန်းရာ စစ်တမ်းဖြေဆိုခဲ့သူ ထက်ဝက်နီးပါးက ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ နယ်နမိတ်ကို ယခုလက်ရှိအတိုင်း ထားရှိသင့်သည်ဟု မှတ်ချက်ပြု ဖြေဆိုကြပါသည်။ ဗမာတိုင်းရင်းသား မဟုတ်သည့် တိုင်းရင်းသားအများစု နေထိုင်ရာ ပြည်နယ်များတွင်လည်း အလားတူပင် ပြည်နယ်နှင့် တိုင်းဒေသကြီး နယ်နိမိတ် များကို ယခုလက်ရှိအတိုင်းထားသင့်သည်ဟု ဆိုသည့် သဘောထားအမြင်များကို တွေ့ရပါသည်။ စစ်တမ်းဖြေဆို သူများအနက် သုံးပုံတစ်ပုံခန့်ကမူ လိုအပ်ပါက ပြည်နယ်အသစ်များ ဖွဲ့စည်းခြင်းကို ခွင့်ပြုသင့်သည်ဟု ဖြေဆိုခဲ့ ကြသည်ကိုတွေ့ရပါသည်။




ပုံ-၁၁။ ပြည်နယ်သစ် သို့မဟုတ် ဖက်ဒရယ်ယူနစ်အသစ်များဖွဲ့စည်းရေးအပေါ်သဘောထားအမြင်
(ဖြေဆိုသူအားလုံး) n=၂၈၀၈





ပုံ-၁၂။ ပြည်နယ်သစ် သို့မဟုတ် ဖက်ဒရယ်ယူနစ်အသစ်များဖွဲ့စည်းရေးအပေါ်သဘောထားအမြင်

## ၁.၇။ ခွဲထွက်ရေးအပေါ်သဘောထားအမြင်

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း ဗမာမဟုတ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နယ်မြေထိန်းချုပ်စိုးမိုးနိုင်မှုမှာ ယခင်ကထက် ပိုမိုကျယ်ပြန့်လာသည့်အလျောက် ဖက်ဒရယ်စနစ်ကျင့်သုံးရေးသာမက လိုအပ်ပါက ခွဲထွက်ရေးကပါ ထည့်သွင်းစဉ်းစားရမည့် လက်ရှိပဋိပက္ခဖြေရှင်းရေးအတွက် နည်းလမ်းတစ်ခုဖြစ်နိုင်သည်ဟု နွေဦးတော်လှန်ရေးတွင် ပါဝင်ဆောင်ရွက်နေသူများအကြား ဆွေးနွေးလာကြသည်ကို တွေ့ရပါသည်။ ခွဲထွက်ခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိသလို အားပေးထောက်ခံမှုများကိုလည်း တွေ့ရပါသည်။ Blue Shirt သုတေသနအဖွဲ့အနေဖြင့် ခွဲထွက်ခြင်းနှင့် ပတ်သက်၍ နိုင်ငံသားများအနေဖြင့် မည်သို့သဘောထားသည်ကို မေးမြန်းရာ စစ်တမ်းဖြေဆိုသူ ထက်ဝက်နီးပါးခန့်က နိုင်ငံမှခွဲထွက်ခြင်းကို ဆန့်ကျင်ကြပြီး ၎င်းတို့က တိုင်းပြည်ကို ယခုအတိုင်းစုစည်း ထားသင့်သည်ဟု ဖြေကြားကြပါသည်။ သို့သော်လည်း စစ်တမ်းဖြေဆိုသူ သုံးပုံတစ်ပုံခန့်ကမူ ခွဲထွက်လိုပါက ခွဲထွက်ခွင့်ပြုသင့်သည်ဟု ဆိုကြပါသည်။ ပြည်နယ်များမှ ဖြေဆိုမှုများတွင်မူ ခွဲထွက်ခြင်းကို ထောက်ခံသူနှင့် ဆန့်ကျင်သူ အညီအမျှဖြစ်နေသည်ကိုတွေ့ရပါသည်။ (၄၀ ရာခိုင်နှုန်းသည် ထောက်ခံသူများဖြစ်၍ အခြား ၄၂ ရာခိုင်နှုန်းသည် ဆန့်ကျင်သူများဖြစ်ကြသည်။) စစ်ကိုင်းနှင့်မကွေးတိုင်းဒေသကြီးတွင် ဖြေဆိုသူ ၅၅ ရာခိုင်နှုန်းကမူ ခွဲထွက်ခြင်းကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြသည်ကို တွေ့ရပါသည်။





ပုံ-၁၃။ နိုင်ငံခွဲထွက်ခြင်းအပေါ် သဘောထားအမြင် (ဖြေဆိုသူအားလုံး) n=၂၈၀၈





ပုံ-၁၄။ နိုင်ငံခွဲထွက်ခြင်းအပေါ် သဘောထားအမြင်

## ၁.၈။ နိုင်ငံအပေါ်ဂုဏ်ယူဝင့်ကြွားခြင်း နှင့် သိမ်ငယ်ရှက်ရွံ့ခြင်း

ယေဘုယျအားဖြင့် စစ်တမ်းဖြေဆိုသူ ထက်ဝက်ကျော်က နိုင်ငံနှင့်ပတ်သက်သည့် သဘောထားအမြင်ကိုမေးမြန်းရာ ဂုဏ်ယူဝင့်ကြွားခြင်း သို့မဟုတ် သိမ်ငယ်ရှက်ရွံ့ခြင်းကို တိတိပပမပြောနိုင်ပဲ ဒွိဟဖြစ်နေသည်ကို တွေ့ရပါသည်။ စစ်တမ်းဖြေဆိုသူ ၅၅ ရာခိုင်နှုန်းက ၎င်းတို့အနေဖြင့် နိုင်ငံနှင့်ပတ်သက်၍ တစ်ခါတစ်ရံ ဂုဏ်ယူဝင့်ကြွားရသော်လည်း တစ်ခါတစ်ရံ သိမ်ငယ်စရာ ဖြစ်ရသည်ဟု ဖြေဆိုကြပါသည်။ စစ်တမ်းဖြေဆိုသူများအနက် ဂုဏ်ယူဝင့်ကြွားသည်ဟု ဖြေဆိုသူလေးပုံတစ်ပုံအောက် (၁၅ ရာခိုင်နှုန်း) ရှိပြီး ၂၀ ရာခိုင်နှုန်းကမူ အရှက်ရမိပါသည်ဟု ဖြေဆိုပါသည်။ ယေဘုယျအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား သဘောထားအမြင် ကွာခြားမှုမရှိသော်လည်း စစ်ကိုင်းတိုင်းနှင့်မကွေးတိုင်းဒေသကြီးတွင်မူ စစ်တမ်းဖြေဆိုသူ ထက်ဝက်ကျော် (၆၄ ရာခိုင်နှုန်း) က တစ်ခါတစ်ရံဂုဏ်ယူရပြီး တစ်ခါတစ်ရံ အရှက်ရမိပါသည်ဟု ဖြေဆိုကြပါသည်။





ပုံ-၁၅။ ဂုဏ်ယူဝင့်ကြွားခြင်းနှင့် အရှက်ရခြင်း (ဖြေဆိုသူအားလုံး) n=၂၈၀၈





ပုံ-၁၆။ ဂုဏ်ယူဝင့်ကြွားခြင်းနှင့် အရှက်ရခြင်း

## ၁.၉။ နိုင်ငံသားဖြစ်မှုအပေါ်သဘောထား


မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ မည်သူကနိုင်ငံသားဖြစ်သင့်သည်၊ မည်သူကမဖြစ်သင့်ပါဆိုသည့် အငြင်းပွားမှုမှာ ယခုလတ်တလောမှ ရင်ဆိုင်ရသည့်ပြဿနာမဟုတ်ဘဲ လွတ်လပ်ရေးရပြီးစကတည်းက မဖြေရှင်းနိုင်သေးသည့် အခြေခံအကျဆုံး ပြဿနာတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားလက္ခဏာ တည်ဆောက်ရေး (Nation Building) ကို အောင်အောင်မြင်မြင် တည်ဆောက်လိုပါက နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ ဘာသာ၊လူမျိုးမခွဲခြားဘဲ နိုင်ငံတွင်းနေထိုင်သူ အားလုံးကို လွှမ်းခြုံသည့် ကောင်းမွန်သင့်လျော်သည့် မူဝါဒတစ်ခု မဖြစ်မနေ လိုအပ်ပါသည်။ Blue Shirt သုတေသနအဖွဲ့အနေဖြင့် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ အများပြည်သူ၏ အမြင်ကိုသိရှိရန် မေးခွန်းအချို့ကို မေးမြန်းခဲ့ပါသည်။ အဓိကအားဖြင့် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ မည်သည့်အတိုင်းအတာအထိ လက်ခံနိုင်စွမ်းရှိသည်ကို သိရှိနိုင်ရန် ရည်ရွယ်ပါသည်။ တွေ့ရှိချက်များအရ စစ်တမ်းဖြေဆိုသူအများစု - ဖြေဆိုသူ ဆယ်ဦးတွင် ခုနစ်ဦးခန့်က နိုင်ငံသားအဖြစ် သတ်မှတ်ရာတွင် ပိုမိုတင်းကျပ်လိုသည့် သဘောထားအမြင်ရှိသည်ကို တွေ့ရပါသည်။ ၎င်းတို့အနေဖြင့် နိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရာတွင် အနိမ့်ဆုံးအားဖြင့် နိုင်ငံတွင်းမွေးဖွားသူ၊ အဓိကဘာသာစကား ဖြစ်သည့် ဗမာစကားပြောဆိုနိုင်မှုနှင့် မြန်မာ့ယဉ်ကျေးမှုဓလေ့များကို လိုက်နာကျင့်သုံးနိုင်ရန် လိုအပ်သည်ဟု ဆိုပါသည်။ အထက်ပါ အချက်သုံးချက်နှင့် နှိုင်းယှဉ်ပါက ဖြေဆိုမှု မများပြားသော်လည်း ဗုဒ္ဓဘာသာ ဖြစ်ရန်လိုအပ်သည့်ဖြေဆိုမှုကိုလည်း တွေ့ရပါသည်။





ပုံ-၁၇။ နိုင်ငံသားဖြစ်မှု (ဖြေဆိုသူအားလုံး) n=၂၈၀၈





ပုံ-၁၈။ နိုင်ငံတွင်းမွေးဖွားသူဖြစ်ရမည်




ပုံ-၁၉။ ဗမာဘာသာစကားပြောတတ်သူဖြစ်ရမည်




ပုံ-၂၀။ ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်




ပုံ-၂၁။ မြန်မာ့ယဉ်ကျေးမှုဓလေ့ကို လိုက်နာကျင့်သုံးနိုင်သူဖြစ်ရမည်





၂


# တိုင်းပြည်အပေါ် လူထု၏စိတ်ခံစားမှု

## ၂.၁။ လက်ရှိလူမှုဘဝအခြေအနေအပေါ်သဘောထားအမြင်

စစ်တမ်းဖြေဆိုသူအများစုက လက်ရှိကာလအတွင်း ၎င်းတို့၏ နေ့စဉ် လူမှုဘဝရုန်းကန်မှုများအတွက် စိုးရိမ်ပူပန်နေကြသည့်အပြင် လူမှုရေး၊စီးပွားရေးဆောင်ရွက်နိုင်မှုအခြေအနေနှင့် ပတ်သက်၍ စိတ်ပျက်လက်ပျက် ဖြစ်နေကြပါသည်။ စစ်တမ်းဖြေဆိုသူ ဆယ်ဦးတွင် ခြောက်ဦးက ၎င်းတို့၏ရှေ့အနာဂါတ်နှင့် ပတ်သက်၍ အလွန်စိုးရိမ်ပူပန်ကြပြီး သုံးဦးက လွန်ခဲ့သည့် ခြောက်လအတွင်း ဝင်ငွေမရှိဘဲ နေထိုင်ခဲ့ရပါသည် ဟုဖြေကြားပါသည်။ စစ်တမ်းဖြေဆိုသူ လေးပုံတစ်ပုံခန့်ကလည်း လွန်ခဲ့သည့်ခြောက်လအတွင်း ပိုင်ဆိုင်မှုပစ္စည်းများကို ပေါင်နှံရောင်းချခြင်း ပြုလုပ်ခဲ့ကြသည်ဟု ဖြေဆိုကြပြီး မိသားစုတွင်း ကတောက်ကဆများ ဖြစ်ပွားနေသည်ဟု ဆိုကြပါသည်။ ယေဘုယျ လူမှုစီးပွားအခြေအနေနှင့် ပတ်သက်၍ စစ်တမ်းဖြေဆိုသူအများစုက မိသားစုအခြေအနေ၊ ပညာရေးအခွင့်အလမ်း၊ နေထိုင်ရာပတ်ဝန်းကျင်အနေအထား၊ ကျန်းမာရေး၊ ကိုယ်ပိုင်အားလပ်ချိန်ရရှိမှု၊ လူနေမှုအဆင့်အတန်း တို့နှင့်ပတ်သက်၍ စိတ်ကျေနပ်မှုမရှိဟု ဖြေဆိုကြပါသည်။ သို့ရာတွင် စစ်တမ်းဖြေဆိုသူ လေးပုံတစ်ပုံခန့်ကမူ ၎င်းတို့အနေဖြင့် လက်ရှိအခြေအနေနှင့် ပတ်သက်၍ အဆင်ပြေနေပါသည်ဟု ဖြေဆိုထားသည် ကိုတွေ့ရပါသည်။





ပုံ-၂၂။ နေ့စဉ်လူမှုဘဝရုန်းကန်မှုများ (ဖြေဆိုသူအားလုံး) n=၂၈၀၈




ပုံ-၂၃။ လူမှုဘဝအခြေအနေအပေါ်သဘောထားအမြင် (ဖြေဆိုသူအားလုံး) n=၂၈၀၈

## ၂.၂။ စီးပွားရေးနှင့်လုပ်ငန်းများ လည်ပတ်နိုင်မှုအနေအထား


ဆက်လက်၍ စီးပွားရေးလုပ်ငန်းများလည်ပတ်နိုင်မှုနှင့် ပတ်သက်၍ မေးမြန်းရာတွင် စစ်တမ်းဖြေဆိုသူ ဆယ်ဦးတွင် ကိုးဦးက အလွန်အမင်း စိတ်ပျက်နေကြသည်ကို တွေ့ရပါသည်။ လက်ရှိပစ္စုခတ်အခြေအနေ၊ လစဥ်ဝင်ငွေ၊ ကုန်စျေးနှုန်း၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် လုပ်ငန်းလည်ပတ်နိုင်မှု အနေအထားတို့မှာ ဆုတ်ယုတ်ဆိုးဝါးနေသည်ဟု ရှုမြင်ကြပါသည်။





ပုံ-၂၄။ စီးပွားရေးနှင့်လုပ်ငန်းလည်ပတ်နိုင်မှုအနေအထား (ဖြေဆိုသူအားလုံး) n=၂၈၀၈

## ၂.၃။ လမ်းကြောင်းမှန် နှင့် လမ်းကြောင်းအမှား


လက်ရှိနိုင်ငံအတွင်း ကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုများနှင့် ပတ်သက်၍ စစ်တမ်းဖြေဆိုသူများ အနေဖြင့် ယင်းမတည်မငြိမ်ဖြစ်မှုများမှာ အနာဂတ်တွင် ပြေလည်သွားမည့် လမ်းကြောင်း အတိုင်း သွားနေသည်ဟု မျှော်လင့်ပါသလား သို့မဟုတ် မသေချာမရေရာ ဖြစ်နေသလားဟု သိရှိနိုင်ရန်မေးမြန်း ခဲ့ပါသည်။ စစ်တမ်းဖြေဆိုသူ ဆယ်ဦးတွင် ခြောက်ဦးက နိုင်ငံအနေဖြင့် လမ်းအမှားပေါ်ရောက်နေသည်ဟု ထင်မြင်ကြပါသည်။ အဓိကအားဖြင့် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု၊ နိုင်ငံတနံတလျား ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများ၊ တရားဥပဒေစိုးမိုးမှုကင်းမဲ့ခြင်းနှင့် စီးပွားရေးကျဆင်းမှုတို့ ကြောင့် တိုင်းပြည် အခြေအနေမှာ ပိုမိုဆိုးရွားသွားမည်ဟု ရှုမြင်ကြပါသည်။ စစ်တမ်းဖြေဆိုသူများအနက် နိုင်ငံ မှာ လမ်းကြောင်းမှန်ဘက်သို့ ဦးတည်နေသည်ဟု ဖြေဆိုသူအချို့လည်း ရှိပါသည်။ ယင်းတို့အနက် မြန်မာ စစ်တပ်၏ ဦးဆောင်မှုကြောင့် လမ်းကြောင်းမှန်ဘက်သို့ ဦးတည်နေသည်ဟု ဖြေဆိုကြသူမှာ အနည်းစု (၁၅ ရာခိုင်နှုန်း) ရှိသည်ကို တွေ့ရပါသည်။





ပုံ-၂၅။ လမ်းကြောင်းမှန် နှင့် လမ်းကြောင်းမှား (ဖြေဆိုသူအားလုံး) n=၂၈၀၈




ပုံ-၂၆။ လမ်းကြောင်းမှန် နှင့် လမ်းကြောင်းမှား





ပုံ-၂၇။ လမ်းကြောင်းအမှန်သို့ ဦးတည်နေသည့်အကြောင်းအရင်းများ (ဖြေဆိုသူအားလုံး) n=၄၁၉





ပုံ-၂၈။ လမ်းကြောင်းအမှားသို့ ဦးတည်နေသည့်အကြောင်းအရင်းများ (ဖြေဆိုသူအားလုံး) n=၁၇၇၀

## ၂.၄။ ရွေးကောက်ပွဲများ

၂၀၂၀ အထွေထွေရွေးကောက်ပွဲများတွင် မဲမသမာမှုများရှိသည်ဟူသည့် အကြောင်းပြချက်ဖြင့် မြန်မာစစ်တပ်က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီတွင် အာဏာသိမ်းခဲ့ပြီး ရွေးကောက်ပွဲများ ပြန်လည်ကျင်းပပေးမည်ဟု ကတိပေးခဲ့ပါသည်။ သို့သော်လည်း အာဏာသိမ်းမှု သက်တမ်း လေးနှစ်ကျော်ကာလ အချိန်အထိ ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်းမရှိဘဲ ရွှေ့ဆိုင်းခဲ့သည်မှာ ယခုနှစ်အထိပင်ဖြစ်သည်။ သို့သော်လည်း ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယခုနှစ်အတွင်း ရွေးကောက်ပွဲများ မဖြစ်မနေ ကျင်းပပေးမည်ဟု ဒေသတွင်းအစည်းအဝေးများတွင် အကြိမ်ကြိမ် ပြောဆိုလာသည်ကို တွေ့ရပါသည်။ Blue Shirt အဖွဲ့အနေဖြင့် လက်ရှိနိုင်ငံရေးနှင့် စစ်ရေး ပဋိပက္ခကာလအတွင်း ရွေးကောက်ပွဲများ ကျင်းပခြင်းအပေါ် မည်သို့သဘောထားသည်ကို သိရှိနိုင်ရန် မေးမြန်းခဲ့ပါသည်။ စစ်တမ်းဖြေဆိုသူ အများစု (၇၄ ရာခိုင်နှုန်း) က လက်ရှိအနေအထားတွင် မြန်မာနိုင်ငံအနေဖြင့် ရွေးကောက်ပွဲများ ကျင်းပရန် အချိန်အခါမသင့်သေးပါဟု ရှုမြင်ကြသော်လည်း ဆယ်ဦးတွင် တစ်ဦးက ရွေးကောက်ပွဲ ကျင်းပရန် အဆင်သင့်ဖြစ်နေပြီဟု ဖြေဆိုပါသည်။




ပုံ-၂၉။ ရွေးကောက်ပွဲများကျင်းပရန် အချိန်အခါ သင့်/မသင့် (ဖြေဆိုသူအားလုံး) n=၂၈၀၈




ပုံ-၃၀။ ရွေးကောက်ပွဲများကျင်းပရန် အချိန်အခါ သင့်/မသင့်




# ၃


# လက်နက်ကိုင်ပဋိပက္ခ

## ၃.၁။ ပဋိပက္ခအခြေအနေ အပေါ်သဘောထားအမြင်

လက်ရှိ လက်နက်ကိုင်ပဋိပက္ခအခြေအနေနှင့် ပတ်သက်၍ စစ်တမ်းဖြေဆိုသူ ထက်ဝက်ကျော်က လာမည့် ငါးနှစ်အတွင်း ပဋိပက္ခများကို ဖြေရှင်းသွားနိုင်မည်ဟု အကောင်းမြင် မျှော်လင့်နေကြသော်လည်း ၁၃ ရာခိုင်နှုန်းကမူ လက်ရှိပဋိပက္ခများမှာ ငါးနှစ်အတွင်း ဖြေရှင်းနိုင်မည်မဟုတ်ဘဲ နှစ်ကာလအတန်ကြာအောင် ဆက်ဖြစ်နေအုံးမည်ဟု ကောက်ချက်ချကြပါသည်။ ကျန်စစ်တမ်းဖြေဆိုသူ လေးပုံတစ်ပုံကမူ လက်ရှိပဋိပက္ခမည်သည့်အချိန်ကာလတွင် အဆုံးသတ်မည်ကို ခန့်မှန်းပြောဆိုခြင်းမပြုကြချေ။





ပုံ-၃၁။ လက်ရှိပဋိပက္ခပြေလည်ရေးအပေါ် သဘောထားအမြင် (ဖြေဆိုသူအားလုံး) n=၂၈၀၈





ပုံ-၃၂။ လက်ရှိပဋိပက္ခပြေလည်ရေးအပေါ် သဘောထားအမြင်

## ၃.၂။ ပဋိပက္ခဖြေရှင်းရေးနည်းလမ်းအပေါ်သဘောထားအမြင်


၂၀၂၁ ခုနှစ် အာဏာသိမ်းမှု နောက်ဆက်တွဲအဖြစ် နိုင်ငံတစ်ဝန်းလုံး လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည်မှာ ယခုနှစ်ဆိုလျှင် လေးနှစ်တာကာလအတွင်း ရောက်ရှိနေပြီဖြစ်သည်။ ပဋိပက္ခများ ဖြေရှင်းနိုင်ရန်အတွက် စစ်ရေး၊ နိုင်ငံရေးနည်းလမ်းများကို အသုံးပြု၍ လက်ရှိပဋိပက္ခ အဆုံးသတ်ရန် ကြိုးပမ်းနေကြရာ နည်းလမ်းအလိုက် ထိရောက်မှုအတိုင်းအတာနှင့် ပတ်သက်၍ စစ်တမ်းဖြေဆိုသူများကို မေးမြန်းခဲ့ပါသည်။ စစ်ရေးနည်းလမ်းပဋိပက္ခကို အဆုံးသတ်ရန်အတွက် ထိရောက်မှုရှိသည်ဟု ဖြေဆိုသူက ပိုမိုများပြားပါသည်။ စစ်တမ်းဖြေဆိုသူ ထက်ဝက်သည် စစ်ရေးနည်းလမ်းက ထိရောက်သည်ဟုဖြေဆိုကြပြီး နိုင်ငံရေးနည်းလမ်းကိုထိရောက်သည်ဟု ဖြေဆိုသူမှာ ၄၂ ရာခိုင်နှုန်းနှင့် နိုင်ငံတကာကြားဝင်ဖြန်ဖြေမှုကထိရောက်သည်ဟုဆိုမှု ၃၆ ရာခိုင်နှုန်းအသီးသီး ရှိသည်ကိုတွေ့ရပါသည်။





ပုံ-၃၃။ ပဋိပက္ခဖြေရှင်းရေးနည်းလမ်း ၃ မျိုး (ဖြေဆိုသူအားလုံး) n=၂၈၀၈





ပုံ-၃၄။ ပဋိပက္ခဖြေရှင်းရေးနည်းလမ်း ၃ မျိုး (၂၀၂၄-၂၀၂၅ နှိုင်းယှဉ်ချက်)




ပုံ-၃၅။ စစ်ရေးနည်းလမ်း





ပုံ-၃၆။ နိုင်ငံတကာကြားဝင်စေ့စပ်ခြင်း





ပုံ-၃၇။ နိုင်ငံရေးနည်းလမ်း

## ၃.၃။ ပဋိပက္ခဖြေရှင်းရေးလက်တွေ့မဟာဗျူဟာ

ပဋိပက္ခဖြေရှင်းရေးနည်းလမ်းများနှင့် ပတ်သက်၍ စစ်ရေးနည်းလမ်းက ပိုမိုထိရောက်သည်ဟု သဘောထားအမြင်ရှိသူက ပိုမိုများပြားသော်လည်း လက်တွေ့ဆောင်ရွက်စေလိုသည့် သဘောထားနှင့်ပတ်သက်၍မူ မတူညီသည့်အမြင်ကို တွေ့ရပါသည်။ Blue Shirt သုတေသနအဖွဲ့က NUG၊ PDF နှင့် EAOs/EROs များအနေဖြင့် ပဋိပက္ခများ ဖြေရှင်းနိုင်ရန်အတွက် စစ်ပွဲများကို အနိုင်ရသည်အထိ ဆက်လက်တိုက်ခိုက်သင့်ပါသလား သို့မဟုတ် နိုင်ငံရေးနည်းလမ်းတစ်ခုကို အစောတလျင် ရှာဖွေသင့်ပါသလားဟု မေးမြန်းရာ စစ်တမ်းဖြေဆိုသူ ထက်ဝက်နီးပါးက ပြဿနာများ ပြေလည်နိုင်ရန် နိုင်ငံရေးနည်းလမ်းတစ်ခုကို မြန်မြန်ဆန်ဆန် ရှာဖွေသင့်သည်ဟု တိုက်တွန်းကြပါသည်။ ကျန် ၃၂ ရာခိုင်နှုန်းက စစ်ပွဲများကို အနိုင်ရသည်အထိ ဆက်လက်တိုက်ခိုက်သင့်ပါသည်ဟု ဖြေကြားပါသည်။ ယေဘုယျအားဖြင့် စစ်တမ်းဖြေဆိုမှုတစ်ခုလုံးကို ခြုံငုံကြည့်ပါက စစ်ပွဲများဆက်လက်တိုက်ခိုက်ရန် တိုက်တွန်းမှုနှင့် နိုင်ငံရေးနည်းလမ်း ရှာဖွေရန် တိုက်တွန်းမှုအကြား ကွာခြားချက်သည် ဆယ်ရာခိုင်နှုန်းခန့်ရှိပြီး စစ်ကိုင်းနှင့်မကွေးတိုင်းဒေသကြီးတွင်မူ နည်းလမ်းနှစ်ခုနှင့် ပတ်သက်၍ ညီတူညီမျှထောက်ခံကြသည်ကို တွေ့ရပါသည်။ သို့သော် ပြည်နယ်များမှ ဖြေဆိုသူအများကြားတွင်မူ သိသိသာသာ ကွာခြားမှုရှိသည်ကို တွေ့ရပါသည်။ ၅၂ ရာခိုင်နှုန်းက နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းလိုပြီး ၂၂ ရာခိုင်နှုန်းကသာ စစ်ရေးအရ ဖြေရှင်းရန် တိုက်တွန်းကြသည်ကို တွေ့ရပါသည်။




ပုံ-၃၈။ လက်တွေ့ မဟာဗျူဟာ (ဖြေဆိုသူအားလုံး) n=၂၈၀၈




ပုံ-၃၉။ လက်တွေ့ မဟာဗျူဟာ





# ၄

# အင်စတီကျူးရှင်းများအပေါ် ယုံကြည်မှု

## ၄.၁။ အတိုက်အခံအင်အားစုများအပေါ်ယုံကြည်မှု


ယေဘုယျအားဖြင့် နွေဦးတော်လှန်ရေးလူထုလှုပ်ရှားမှု လေးနှစ်တာကာလအတွင်း ဒီမိုကရေစီအတိုက်အခံအင်အားစုများအပေါ် အများပြည်သူ၏ ယုံကြည်ကိုးစားမှုမှာ မထင်မှတ်ထားသည်အထိ မြင့်မားသည်မှာ အထင်အရှားပင်ဖြစ်သည်။ ဒီမိုကရေစီအရေး ဦးဆောင်လှုပ်ရှားနေသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်အသီးသီးအနေဖြင့် ယင်းလူထုယုံကြည်ထောက်ခံမှုကို စည်းရုံးလှုံ့ဆော်ရေးအတွက်သာမက ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်များ၊ မူဝါဒနှင့် ရေရှည်လုပ်ငန်းစဉ်များ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် အခွင့်အလမ်းလည်းဖြစ်သည်ဟု ဆိုရပါမည်။ သို့ဖြစ်ပါ၍ ဒီမိုကရေစီအရေး ဦးဆောင်လှုပ်ရှားနေသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအလိုက် နိုင်ငံရေးရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်မတူညီသည့်အလျောက် ၎င်းတို့အသီးသီးအပေါ် လူထု၏ယုံကြည်မှုအတိုင်းအတာနှင့် အလေးထားမှုအတိုင်းအတာကို သိရှိနိုင်ရန်မေးမြန်းခဲ့ပါသည်။ ယေဘုယျအားဖြင့် စစ်တမ်းဖြေဆိုသူ ဆယ်ဦးတွင် ခုနစ်ဦးက နွေဦးတော်လှန်ရေးတွင် အဓိကပါဝင် ဆောင်ရွက်နေသူများကို ယုံကြည်ကိုးစားမှုရှိသည်ဟု ဖြေဆိုကြပါသည်။ ယင်းတို့အနက် ယခင်နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်မှာ လူထုယုံကြည်မှုအမြင့်ဆုံး ပုဂ္ဂိုလ်ဖြစ်ပြီး PDF များက ဒုတိယအမြင့်ဆုံး ဖြစ်ပါသည်။




ပုံ-၄၀။ အတိုက်အခံအင်အားစုများအပေါ်ယုံကြည်မှု (ဖြေဆိုသူအားလုံး) n=၂၈၀၈

## ၄.၂။ EAOs/EROs များအပေါ်ယုံကြည်မှု


မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးကြသည့်အခါ ဗမာတိုင်းရင်းသားမဟုတ်သည့် အခြားတိုင်းရင်းသား လူနည်းစုများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကိစ္စသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လေ့မရှိချေ။ သို့သော်လည်း နွေဦး တော်လှန်ရေးလှုပ်ရှားမှု ပေါ်ပေါက်လာပြီးနောက်ပိုင်း လူနည်းစုတိုင်းရင်းသားများ၏ နိုင်ငံရေးမျှော်မှန်းချက်နှင့် ပတ်သက်၍ဆွေးနွေးမှုများ ပိုမိုများပြားလာသည့်အပြင် ၎င်းတို့၏ နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍကိုပါ အသိအမှတ် ပြုလာကြသည်ကို တွေ့ရပါသည်။ သို့ဖြစ်ပါ၍ သာမန်ပြည်သူပြည်သားများအနေဖြင့် နွေဦးတော်လှန်ရေး၏ လက် နက်ကိုင်ခုခံတော်လှန်မှုကို ဦးဆောင်နေသည့် လက်နက်ကိုင်အဖွဲ့အစည်း အုပ်စုနှစ်ခုအပေါ် ယုံကြည်ကိုးစားမှုနှင့် လက်ခံမှုအတိုင်းအတာ မည်သို့ပြောင်းလဲလာသည်ကို သိရှိနိုင်ရန်မေးမြန်းခဲ့ပါသည်။ ယေဘုယျအားဖြင့် စစ်တမ်း ဖြေဆိုသူ ထက်ဝက်ခန့်က EAOs/EROs များကို ယုံကြည်ကိုးစားမှုရှိသည်ဟု ဖြေဆိုကြပြီး လေးပုံတစ်ပုံအောက်ကသာ ယုံကြည်မှုမရှိဟု တုံ့ပြန်ကြပါသည်။ လက်နက်ကိုင်အဖွဲ့အစည်း အုပ်စုနှစ်ခုအကြား ယုံကြည်မှုအတိုင်းအတာ ကွာခြား မှုမရှိသည်ကို တွေ့ရပါသည်။




ပုံ-၄၁။ EAOs/EROsများအပေါ်ယုံကြည်မှု (ဖြေဆိုသူအားလုံး) n=၂၈၀၈

## ၄.၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ၎င်း၏အင်စတီကျူးရှင်းများအပေါ်ယုံကြည်မှု


၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း အစိုးရယန္တရားများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးနှင့် ပြည်တွင်းပြည်ပ အသိုင်းအဝိုင်းနှစ်ခုစလုံးမှ ၎င်းတို့အား အသိအမှတ်ပြုရေးမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသက်တမ်း လေး နှစ်တာကာလတစ်လျှောက်လုံး ရင်ဆိုင်နေရသည့် အကြီးမားဆုံးစိန်ခေါ်မှုဟု ဆိုရပါမည်။ နစကအနေဖြင့်လည်း အသိ အမှတ်ပြုလက်ခံမှုရရှိရေးအတွက် အစိုးရသက်တမ်း စတင်စဉ်ကတည်းက အစဉ်တစိုက်ကြိုးပမ်းခဲ့ရာ လေးနှစ် တာကာလအတွင်း လူထု၏ ယုံကြည်မှုအတိုင်းအတာ မည်မျှအထိရရှိနေသည်ကို သိရှိနိုင်ရန် စစ်တမ်းကောက်ယူ မေးမြန်းခဲ့ပါသည်။ ယေဘုယျအားဖြင့် နစကအပါအဝင် အစိုးရအင်စတီကျူးရှင်းများအပေါ် ယုံကြည်မှုမှာ ဆက်လက် ကျဆင်းနေဆဲဟု ဆိုရပါမည်။ စစ်တမ်းဖြေဆိုသူ ဆယ်ဦးတွင် ရှစ်ဦးခန့်က နစက နှင့် အစိုးရအင်စတီကျူးရှင်းများ အပေါ် ယုံကြည်မှုမရှိပါဟု ဖြေဆိုကြပါသည်။ နစကဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာစစ်တပ်အပေါ် အများပြည်သူ၏ ယုံကြည်မှု မှာ အနိမ့်ဆုံးအခြေအနေ သို့ရောက်ရှိနေသည် ကိုတွေ့ရပါသည်။




ပုံ-၄၂။ နစကနှင့် ၎င်း၏ အင်စတီကျူးရှင်းများအပေါ်ယုံကြည်မှု (ဖြေဆိုသူအားလုံး) n=၂၈၀၈

## ၄.၄။ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာရေးခေါင်းဆောင်များအပေါ်ယုံကြည်မှု

အာဏာသိမ်းမှုအလွန် နိုင်ငံအတွင်း ပျံ့နှံ့နေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများက နိုင်ငံတွင်း နိုင်ငံရေးအကွဲအပြဲကို ပိုမိုကြီးမားသွားစေရုံသာမက မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် နိုင်ငံရေးကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ ပျောက်ဆုံးလုနီးပါးအခြေအနေသို့ ရောက်ရှိသွားသည်ဟု ဆိုရပါမည်။ အကျိုးဆက်အနေဖြင့် နိုင်ငံရေးအဖွဲ့အစည်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ဦးဆောင်မှုနှင့်ပတ်သက်၍ အများပြည်သူ၏ယုံကြည်မှု ကျဆင်းသွားပြီး အကျိုးဆက်နေဖြင့် နိုင်ငံရေးဆိုင်ရာကိစ္စများဆောင်ရွက်ရန် ကြီးမားသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။ Blue Shirt သုတေသနအဖွဲ့က နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာရေးခေါင်းဆောင်များအပေါ် မည်သည့်အတိုင်းအတာအထိ ယုံကြည်မှုရှိနေသည်ကို မေးမြန်းရာ စစ်တမ်းဖြေဆိုသူများအကြား ယုံကြည်မှုမရှိပါဟုဖြေဆိုမှု အနည်းငယ်ပိုများသည်ကိုတွေ့ရပါသည်။ နိုင်ငံရေးပါတီများကို အယုံအကြည်မရှိဟု ဖြေဆိုသူပမာဏမှာ အခြားအုပ်စုနှစ်ခုကို မယုံကြည်ပါဟုဖြေဆိုခဲ့သူများထက် ပိုမိုများပြားပါသည်။




ပုံ-၄၃။ နိုင်ငံရေးပါတီ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် ဘာသာသာရေးခေါင်းဆောင်များအပေါ်ယုံကြည်မှု (ဖြေဆိုသူအားလုံး) n=၂၈၀၈




# ၇

# လူမှုကွန်ရက်မီဒီယာ နှင့် နိုင်ငံရေးသတင်း အရင်းအမြစ်

## ၅.၁။ နိုင်ငံရေးအမြင်အပေါ် ဩဇာလွှမ်းမိုးမှု


လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးကဏ္ဍအသီးသီးမှ ခေါင်းဆောင်များက ၎င်းတို့၏ ရည်မှန်းချက်များနှင့် အတွေးအခေါ် အယူအဆများကို လူမှုကွန်ရက်မီဒီယာအပါအဝင် မီဒီယာများမှတစ်ဆင့်အများပြည်သူလူထုကို အသိပေးဆက်သွယ်ခြင်း၊အကြံဉာဏ်ရယူခြင်းသာမက အများပြည်သူ၏ သဘောထားအမြင်များကိုပါ လွှမ်းမိုးပုံဖော်လေ့ရှိပါသည်။ အခြားတစ်ဘက်တွင်လည်း ပြည်သူများက ကိစ္စရပ်တစ်ခုအတွက် ဆုံးဖြတ်ချက်ချမှတ်ရန် ၎င်းတို့လေးစားယုံကြည်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ သုံးသပ်ချက်နှင့် အယူအဆများအပေါ် စံထား၍ ဆုံးဖြတ်ချက်များ ချမှတ်ကြပါသည်။ သို့ဖြစ်ပါ၍ Blue Shirt သုတေသနအဖွဲ့အနေဖြင့် မြန်မာနိုင်ငံတွင်းရှိ ပြည်သူပြည်သားများအနေဖြင့် လက်ရှိနိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်ရန် သို့မဟုတ် မည်သည့်ကဏ္ဍမှ ခေါင်းဆောင်များ၏ အယူအဆနှင့် မှတ်ချက်များအပေါ် အလေးထားအခြေခံ၍ ဆုံးဖြတ်သုံးသပ်ကြသည်ကို မေးမြန်းရာ စစ်တမ်းဖြေဆိုသူ ဆယ်ဦးတွင် သုံးဦးခန့်က နိုင်ငံရေးခေါင်းဆောင်များ (၃၆ ရာခိုင်နှုန်း)၊ EAOs/EROs ခေါင်းဆောင်များ (၃၆ ရာခိုင်နှုန်း) နှင့် NUG ခေါင်းဆောင်များ (၃၀ ရာခိုင်နှုန်း) တို့၏ သဘောထားမှတ်ချက်နှင့် အမြင်များကို အဓိကထား ကိုးကားပါသည်ဟု ဖြေဆိုကြပါသည်။





ပုံ-၄၄။ နိုင်ငံရေးအမြင်အပေါ် ဩဇာလွှမ်းမိုးမှု (ဖြေဆိုသူအားလုံး) n=၂၈၀၈

## ၅.၂။ လူမှုကွန်ရက်မီဒီယာပို့စ်များ၏ အရည်အသွေးနှင့်အကြောင်းအရာ


အစောပိုင်းကာလများတွင် လူမှုကွန်ရက်များကို အချင်းချင်း သတင်းအချက်အလက် ဖလှယ်ရာ၊ ရှာဖွေရယူရာ အရင်းအမြစ်တစ်ခုအဖြစ် အဓိကထား အသုံးပြုခဲ့ကြသော်လည်း ယခုအချိန်တွင် လူမှုကွန်ရက်မီဒီယာများမှာ နိုင်ငံရေးလှုပ်ရှားမှုအတွက် အရေးကြီးသည့် ယန္တရားတစ်ခု ဖြစ်လာပါသည်။ အထူးသဖြင့် အာဏာသိမ်းမှုအလွန်ကာလ မြန်မာနိုင်ငံတွင် ရုပ်/သံနှင့် ပုံနှိပ် မီဒီယာများအားနည်းသွားပြီး သတင်းလွတ်လပ်ခွင့် ကန့်သတ်ထိန်းချုပ်ခံလိုက်ရသဖြင့် လူမှုကွန်ရက်မီဒီယာမှာ နိုင်ငံရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများနှင့် နိုင်ငံရေးလှုပ်ရှားမှုများအတွက် အဓိကပလက်ဖောင်းတစ်ခု ဖြစ်လာခဲ့ပါသည်။ တစ်ဖက်တွင် လူမှုကွန်ရက်မီဒီယာများက သတင်းအချက်အလက် ရယူပိုင်ခွင့်နှင့် ပြောဆိုရေးသားခွင့်ကို လူတိုင်းရရှိအောင် ဖန်တီးပေးလိုက်သကဲ့သို့ပင် အခြားတစ်ဘက်တွင်လည်း လူမှုကွန်ရက်၏ Algorithm ကမတူညီသည့် အယူအဆ သဘောထားအမြင်များကို ကန့်သတ်ထိန်းချုပ်လိုက်ပြီး အယူအဆတစ်ခု သဘောထားအမြင် တစ်ခုတည်းကိုသာ ပဲ့တင်သံထပ်သကဲ့သို့ ထပ်ခါထပ်ခါ တွေ့မြင်ရစေရန်လည်း ဖန်တီးထားပြန်သည်။ သို့ဖြစ်ပါ၍ လူအများအနေဖြင့် ၎င်းတို့၏ လူမှုကွန်ရက်မီဒီယာ စာမျက်နှာများပေါ်တွင် တွေ့မြင်ရသည့် အကြောင်းအရာများနှင့် ယင်းအကြောင်းအရာများ၏ အရည်အသွေးနှင့် ပတ်သက်၍ မည်သို့ သဘောထားသည်ကို သိရှိစေရန်မေးမြန်းခဲ့ပါသည်။




ပုံ-၄၅။ လူမှုကွန်ရက်မီဒီယာပေါ်တွင်တွေ့ရသော အကြောင်းအရာများ (ဖြေဆိုသူအားလုံး) n=၂၈၀၈





ပုံ-၄၆။ လူမှုကွန်ရက်မီဒီယာပို့စ်များ၏ ကြိမ်နှုန်း (ဖြေဆိုသူအားလုံး) n=၂၈၀၈




ပုံ-၄၇။ ပို့စ်အကြောင်းအရာများ၏ အရည်အသွေး (ဖြေဆိုသူအားလုံး) n=၂၈၀၈

## ၅.၃။ နိုင်ငံရေးဆိုင်ရာ အဓိကသတင်းအရင်းအမြစ်




ပုံ-၄၈။ အဓိကသတင်းအရင်းအမြစ် (ဖြေဆိုသူအားလုံး) n=၂၈၀၈

## စစ်တမ်းကောက်ယူမှု နည်းစနစ်

ဤစစ်တမ်းကောက်ယူရန်အတွက် နမူနာများရွေးထုတ်ရာတွင် "Non-probability Sampling" စနစ်များထဲမှ "Purposive Sampling" (စစ်တမ်းဖြေဆိုသူများကို သုတေသီများက ကြိုတင်ရွေးချယ်သည့်နည်းလမ်း) ကို အသုံးပြုခဲ့ပါသည်။ ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်မှ ၂၅ ရက်အထိ နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၂၁၇ ခုမှ အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသား ၃,၁၂၈ ဦးကို ရွေးချယ်မေးမြန်းခဲ့ပါသည်။

**မူလနမူနာယူနစ် မြို့နယ်များကိုရွေးချယ်သတ်မှတ်ခြင်း။** ။ နိုင်ငံသားများအားလုံး၏ သဘောထားအမြင်ကို ထင်ဟပ်နိုင်သည့် ကျပန်းနမူနာ ရွေးချယ်သည့်နည်းစနစ် (Probability sampling) ကို အသုံးပြုရန်မဖြစ်နိုင်သော်လည်း Blue Shirt အဖွဲ့အနေဖြင့် နိုင်ငံအတွင်းရှိ ပြည်သူများ၏ သဘောထားအမြင်ကို အတတ်နိုင်ဆုံးကိုယ်စားပြုနိုင်ရန်အတွက် ရည်ရွယ်ထားသည့်အလျောက် နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ် ၃၃၀ မြို့နယ်တွင် နမူနာအရေအတွက်သတ်မှတ်ပြီး ကောက်ယူရန် ရည်ရွယ်ခဲ့ပါသည်။ သို့သော်လည်း လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်မှု၊ လုံခြုံရေးအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးနှင့် တယ်လီဖုန်းအင်တာနက်ရရှိမှုအခြေအနေများကို အကဲခတ်ပြီးနောက် မြို့နယ် ၂၁၇ မြို့ကိုသာ စစ်တမ်းကောက်ယူနိုင်သည့် အခြေအနေရှိသည်ကို တွေ့ရပါသည်။ မြို့နယ်အလိုက် ဖြေဆိုသူအရေအတွက်ကိုသတ်မှတ်ပြီး ဒေသခံသုတေသီများက စစ်တမ်းဖြေဆိုမည့်သူများကို ရွေးချယ်စေခဲ့ပါသည်။ [မှတ်ချက်။ စာရင်းအင်းပိုင်ဆိုင်ရန် ဆန်းစစ်လေ့လာမှုအတွက် လက်ရှိ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ မြို့နယ်နယ်နိမိတ်များကို ၂၀၂၁ ခုနှစ် အာဏာမသိမ်းမီကာလက နယ်နိမိတ်ပိုင်းခြားသတ်မှတ်ထားသည့် အတိုင်းဆက်လက်အသုံးပြုထားပါသည်။]

**စစ်တမ်းဖြေဆိုသူများကိုရွေးချယ်ခြင်း။** ။ သတ်မှတ်ထားသည့် အရေအတွက်အတိုင်း ဒေသခံသုတေသီများက မြို့နယ်အလိုက် Purposive Sampling (စစ်တမ်းဖြေဆိုသူများကို သုတေသီများက ရွေးချယ်သည့်နည်းလမ်း) အရ ဖြေဆိုသူများကို ရွေးချယ်ပါသည်။ ဒေသခံသုတေသီများကို တစ်မြို့နယ်စီတွင် အသက် ၁၈ နှစ်နှင့် ၁၈နှစ်အထက် မြန်မာနိုင်ငံသားများ ၁၂ ဦးနှုန်းဖြင့်သတ်မှတ်ခဲ့ပြီး ကျား၊ မ အချိုးအစား တန်းတူညီတူ ရွေးချယ်စေခဲ့ပါသည်။ (အမျိုးသမီး ၅၀ ရာခိုင်နှုန်းနှင့် အမျိုးသား ၅၀ ရာခိုင်နှုန်း)

ထို့ပြင်ရန်ကုန်မြို့တော်နှင့် တိုင်းဒေသကြီးများအနက် စစ်ရေးပဋိပက္ခများကို ပိုမိုပြင်းထန်စွာရင်ဆိုင်နေရသည့် စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးရှိ ဖြေဆိုသူများကို အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဖြေဆိုသူများ၏ ဖြေဆိုမှုများနှင့် နှိုင်းယှဉ်လေ့လာနိုင်ရန် အတွက်လည်း အပိုဆောင်းနမူနာများသတ်မှတ်ကာ ထပ်မံရွေးချယ်စေခဲ့ပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်နှင့် စစ်ကိုင်း၊မကွေး တိုင်းဒေသကြီးများ၏ မြို့နယ်တစ်ခုစီတွင် အပိုဆောင်းဖြေဆိုသူ ၆ ဦးစီကို ထပ်တိုးမေးမြန်းခဲ့ပါသည်။

| | နိုင်ငံတစ်ဝန်းလုံး | ရန်ကုန်မြို့တော် ထပ်ဆောင်းနမူနာ | စစ်ကိုင်းနှင့် မကွေးတိုင်း ထပ်ဆောင်းနမူနာ | စုစုပေါင်းမေးမြန်းမှု |
|---|---|---|---|---|
| နိုင်ငံတစ်ဝန်းလုံး | ၂,၈၀၈ | | | ၂,၈၀၈ |
| ပြည်နယ်များ | ၇၄၈ | | | ၇၄၈ |
| တိုင်းဒေသကြီးများ | ၂,၀၆၀ | | | ၂,၀၆၀ |
| ရန်ကုန်မြို့တော် | ၃၉၆ | ၁၉၈ | | ၅၉၄ |
| စစ်ကိုင်းနှင့်မကွေးတိုင်း | ၅၄၁ | | ၁၂၂ | ၆၆၃ |
| ဖြေဆိုသူအားလုံး | | | | ၃.၁၂၈ |

**အချက်အလက်ကောက်ယူခြင်း။** ။ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှ ၂၅ ရက်အတွင်း Blue Shirt အဖွဲ့၏ Software ကိုအသုံးပြု၍ ဖြေဆိုသူ ၃,၁၂၈ ဦးကို စစ်တမ်းမေးမြန်းကောက်ယူခဲ့ပါသည်။ လုံခြုံရေးအခြေအနေဆက်သွယ်ရေးကွန်ရက်အခြေအနေပေါ် မူတည်၍ တွေ့ဆုံမေးမြန်းမှု ၅၈ ရာခိုင်နှုန်းကို Survey Link မှတစ်ဆင့်နှင့် ၄၀ ရာခိုင်နှုန်းကို မျက်နှာချင်းဆိုင် တွေ့ဆုံမေးမြန်းမှုမှတစ်ဆင့် ပြုလုပ်ခဲ့ပါသည်။ ကျန် ၂ ရာခိုင်နှုန်းကို တယ်လီဖုန်းဖြင့် မေးမြန်းမှုပြုလုပ်ခဲ့သည်။

| | ဖြေဆိုသူအားလုံး | ပြည်နယ် | တိုင်းဒေသကြီး |
|---|---|---|---|
| Survey Link မှတစ်ဆင့် ဖြေဆိုသူ | ၁,၈၁၅ | ၃၄၂ | ၁,၄၇၃ |
| လူကိုယ်တိုင်မေးမြန်းခြင်း | ၁,၂၄၂ | ၃၉၄ | ၈၄၈ |
| တယ်လီဖုန်းမှတစ်ဆင့် ဖြေဆိုသူ | ၇၁ | ၁၂ | ၅၉ |

**စစ်တမ်းအရည်အသွေး စစ်ဆေးခြင်း** ။ ။ Blue Shirt အဖွဲ့အနေဖြင့် အချက်အလက်ကောက်ယူမှုများပြီးစီးပြီးနောက် ဖြေဆိုသူ ၆၀ ဦးကို ကျပန်းရွေးချယ်ကာ စစ်တမ်းဖြေဆိုမှုအရည်အသွေး စစ်ဆေးမှုအတွက် ပြန်လည်ဆက်သွယ်ခဲ့ပါသည်။ ၎င်းတို့အား မူလစစ်တမ်းဖြေဆိုမှုများ မှန်ကန်ကြောင်းအတည်ပြုရန် မေးခွန်းများ မေးမြန်းခဲ့ပါသည်။ ဤစစ်ဆေးခြင်း လုပ်ထုံးလုပ်နည်းကို အချက်အလက်များမှန်ကန်တိကျစေရန်နှင့် စစ်တမ်းကောက်ယူရာတွင် ဘက်လိုက်ခြင်းကဲ့သို့ ဖြစ်နိုင်ခြေများကို ရှာဖွေပြီး ကာကွယ်ရန်အတွက် အရည်အသွေးထိန်းချုပ်မှု အစီအမံအဖြစ် အကောင်အထည်ဖော်ခဲ့ပါသည်။

# စစ်တမ်းမေးခွန်းပုံစံ

## လက်ရှိ နိုင်ငံရေးနှင့် လက်နက်ကိုင် ပဋိပက္ခများအပေါ် နိုင်ငံသားများ၏ သဘောထားအမြင်

### ရှင်းလင်းချက်

ပထမဦးစွာ ဤသဘောထားအမြင်စစ်တမ်းကိုဖြေဆိုပေးရန် သဘောတူသည့်အတွက် ကျေးဇူးတင်ပါသည်။ ဤစစ်တမ်းတွင် ကောက်ယူသည့် သင်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များမှာ စစ်တမ်းရလဒ် ဆန်းစစ်လေ့လာမှုပြုလုပ်ရန်အတွက်သာ အသုံးပြုမည်ဖြစ်ပြီး အခြားမည်သူ့ကိုမှ မျှဝေမည်မဟုတ်သလို စစ်တမ်းမှတစ်ပါး အခြားမည်သည့်ရည်ရွယ်ချက်အတွက်မှ အသုံးပြုမည်မဟုတ်ပါ။ စစ်တမ်းဖြေဆိုချက်များကိုလည်း တစ်ဦးချင်း အလိုက်ထုတ်ပြန်မည်မဟုတ်ဘဲ အခြားစစ်တမ်းဖြေဆိုသူများ၏ ဖြေဆိုချက်များနှင့် စုစည်းပေါင်းစပ်ကာ ယေဘုယျ ကောက်ချက်ဆွဲ၍ ထုတ်ပြန်မည်ဖြစ်သဖြင့် သင်၏ ဖြေဆိုချက်ကို မည်သူမှသိရှိမည်မဟုတ်ပါ။ စစ်တမ်းမေးခွန်းများတွင် မဖြေဆိုလိုသည့် မေးခွန်းမျိုးရှိပါကလည်း **"မဖြေဆိုလိုပါ"** ကို ရွေးချယ်နိုင်ပါသည်။

| | | | |
|---|---|---|---|
| **Q1** | [သင်] ၏ မွေးသက္ကရာဇ်ကို ရွေးချယ်ပါ | | |

| | | | |
|---|---|---|---|
| **Q2** | ရပ်ကွက် သို့မဟုတ် ကျေးရွာတွင်နေထိုင်နေပါသလား | ရပ်ကွက် (1) | ကျေးရွာ (2) |

| | | | |
|---|---|---|---|
| **Q3** | ကျား/မ | ကျား (1) | မ (2) |

## လူမှုအရင်းအနှီး

| | | |
|---|---|---|
| **Q4** | ယေဘုယျအားဖြင့် လူအများစုဟာ ယုံကြည်စိတ်ချရတယ် ဒါမှမဟုတ် သတိထားပြီးဆက်ဆံဖို့လိုပါတယ်။ ဒီအဆို ၂ ခုထဲက ဘယ်တစ်ခုက [သင့်] ရဲ့သဘောထားနဲ့ အနီးစပ်ဆုံးဖြစ်ပါသလဲ။ **[အဖြေ ၁ ခု သာရွေးပါ]** | |
| | လူအများစုက ယုံကြည်စိတ်ချရပါတယ် | 1 |
| | လူအများစုက သတိထားပြီးဆက်ဆံရတယ် | 2 |
| | မသိပါ | ၉၈ |
| | မဖြေဆိုလိုပါ | ၉၉ |

| | | |
|---|---|---|
| **Q5** | အောက်မှာ ဖော်ပြထားတဲ့ လူအုပ်စုအမျိုးမျိုးတွေထဲမှာ တကယ်လို့ [သင့်] အနေနဲ့ အိမ်နီးချင်းအဖြစ် **အတူမနေလိုတဲ့ လူအုပ်စုတစ်ခုခုကိုရွေးရမယ်ဆိုရင် ဘယ်လူအုပ်စုအမျိုးအစားကို ရွေးမလဲ။ [အကျုံးဝင်သမျှရွေးပါ]** | |
| | မူးယစ်ဆေး/အရက်စွဲနေသူများ | 1 |

| | | |
|---|---|---|
| | လိင်စိတ်ခံယူမှုကွဲပြားသူများ | 2 |
| | နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ | 3 |
| | မိမိနှင့်နိုင်ငံရေးရပ်တည်ချက် မတူညီသူများ | 4 |
| | မိမိနှင့်လူမျိုး/တိုင်းရင်းသား မတူညီသူများ | 5 |
| | မိမိနှင့် ကိုးကွယ်ယုံကြည်မှု မတူညီသူများ | 6 |
| | ရာဇဝတ်မှုကျူးလွန်ခဲ့ဖူးသူများ | 7 |
| | သက်ကြီးရွယ်အိုများ | 8 |
| | မသန်စွမ်းသူများ | 9 |
| | မည်သူနဲ့မဆိုအဆင်ပြေပါတယ် | 10 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| | | | | | | |
|---|---|---|---|---|---|---|
| | အခု ရပ်/ရွာထဲမှာလှုပ်ရှားနေကြတဲ့ အဖွဲ့အစည်း/အသင်းအဖွဲ့တွေရဲ့ အမျိုးအစားတွေကို ဖော်ပြထားပါတယ်။ [သင့်] အနေနဲ့ ပြီးခဲ့တဲ့ နှစ်တွေမှာ ဘယ်အဖွဲ့အစည်း/အသင်းအဖွဲ့တွေရဲ့ လှုပ်ရှားမှု ဒါမှမဟုတ် အစည်းအဝေးတွေမှာ ပါဝင်ခဲ့ဖူးတယ်ဆိုတာကို ဖြေကြားပေးပါ။ | | | | | |
| **Q6** | ရိုးရာယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများ | လုံးဝ မပါဝင်ခဲ့ပါ (1) | တစ်ခါတစ်ရံသာ ပါဝင်ခဲ့သည် (2) | မကြာခဏ ပါဝင်ခဲ့သည် (3) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| **Q7** | စုပေါင်းကိုယ်လက်လှုပ်ရှား အားကစားအဖွဲ့များ | လုံးဝ မပါဝင်ခဲ့ပါ (1) | တစ်ခါတစ်ရံသာ ပါဝင်ခဲ့သည် (2) | မကြာခဏ ပါဝင်ခဲ့သည် (3) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| **Q8** | လုပ်ငန်းခွင်ဆိုင်ရာ/အလုပ်နှင့်ပတ်သက်သော အဖွဲ့အစည်းများ | လုံးဝ မပါဝင်ခဲ့ပါ (1) | တစ်ခါတစ်ရံသာ ပါဝင်ခဲ့သည် (2) | မကြာခဏ ပါဝင်ခဲ့သည် (3) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| **Q9** | ရပ်/ရွာလူမှုအထောက်အကူပြု အသင်း/အဖွဲ့အစည်းများ | လုံးဝ မပါဝင်ခဲ့ပါ (1) | တစ်ခါတစ်ရံသာ ပါဝင်ခဲ့သည် (2) | မကြာခဏ ပါဝင်ခဲ့သည် (3) | မသိပါ (98) | မဖြေဆိုလိုပါ (99) |

| Q10 | ဘာသာရေးအသင်းအဖွဲ့များ | လုံးဝ မပါဝင်ခဲ့ပါ (1) | တစ်ခါတစ်ရံသာ ပါဝင်ခဲ့သည် (2) | မကြာခဏ ပါဝင်ခဲ့သည် (3) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
|---|---|---|---|---|---|---|

## အမျိုးသားဝိသေသလက္ခဏာနှင့် နိုင်ငံသားဖြစ်မှု

| Q11 | အောက်မှာ နိုင်ငံနဲ့ပတ်သက်ပြီး အဆို ၃ ခုဖော်ပြထားပါတယ်။ အဲဒီအဆိုပြုချက်တွေထဲက [သင့်] ရဲ့ သဘောထားအမြင်နဲ့ အနီးစပ်ဆုံး တူညီတဲ့ တစ်ခုကိုရွေးပေးပါ။ **[အဖြေ ၁ ခု သာရွေးပါ]** | |
|---|---|---|
| | ကိုယ့်နိုင်ငံကိုယ် အမြဲတမ်း ဂုဏ်ယူပါတယ် | 1 |
| | ကိုယ့်နိုင်ငံနဲ့ပတ်သက်ပြီး အမြဲအရှက်ရမိပါတယ် | 2 |
| | ကိုယ့်နိုင်ငံကိုယ် တစ်ခါတစ်လေ ဂုဏ်ယူရပြီး တစ်ခါတစ်လေ အရှက်ရမိပါတယ် | 3 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| | အောက်မှာ ဖော်ပြထားတဲ့အချက်တွေက မြန်မာနိုင်ငံသား တစ်ယောက်အဖြစ် သတ်မှတ်ဖို့ ဆုံးဖြတ်ရာမှာ အရေးကြီးတယ်လို့ လူအချို့က ယုံကြည်လက်ခံထားပါတယ်။ သို့သော်လည်း လူတစ်ချို့ကတော့ အရေးမကြီးဘူးလို့ ထင်မြင်ကြပါတယ်။ [သင့်] အနေနဲ့ရော အခုဖော်ပြထားတဲ့ အချက်တွေက နိုင်ငံသားဖြစ်မှုကိုဆုံးဖြတ်ဖို့အတွက် ဘယ်လောက်အရေးကြီးသလဲဆိုတာကို (1) မှ (4) အတွင်း အဆင့်သတ်မှတ်ပေးပါ။ (1) - လုံးဝအရေးမကြီးပါ၊ (4) - အလွန်အရေးကြီးသည်။ | | | | | | |
|---|---|---|---|---|---|---|---|
| Q12 | မြန်မာနိုင်ငံနယ်နိမိတ်အတွင်း မွေးဖွားသူဖြစ်ခြင်း | လုံးဝ အရေးမကြီးပါ (1) | သိပ်အရေး မကြီးပါ (2) | အတိုင်းအတာ တစ်ခုထိ အရေးကြီးသည် (3) | အလွန် အရေးကြီးသည် (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| Q13 | မြန်မာစကား ပြောဆိုနိုင်ခြင်း | လုံးဝ အရေးမကြီးပါ (1) | သိပ်အရေး မကြီးပါ (2) | အတိုင်းအတာ တစ်ခုထိ အရေးကြီးသည် (3) | အလွန် အရေးကြီးသည် (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| Q14 | ဗုဒ္ဓဘာသာဝင်ဖြစ်ခြင်း | လုံးဝ အရေးမကြီးပါ (1) | သိပ်အရေး မကြီးပါ (2) | အတိုင်းအတာ တစ်ခုထိ အရေးကြီးသည် (3) | အလွန် အရေးကြီးသည် (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| Q15 | မြန်မာ့ဓလေ့ထုံးစံနှင့် ရိုးရာယဉ်ကျေးမှုတို့ကို လိုက်နာကျင့်သုံးခြင်း | လုံးဝ အရေးမကြီးပါ (1) | သိပ်အရေး မကြီးပါ (2) | အတိုင်းအတာ တစ်ခုထိ အရေးကြီးသည် (3) | အလွန် အရေးကြီးသည် (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |

## ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်

**Q16** [သင့်] အနေနဲ့ နိုင်ငံရေးကို ဘယ်လောက်အတိုင်းအတာအထိ စိတ်ဝင်စားတယ်ဆိုတာ ပြောပြပေးပါ။ **[အဖြေ ၁ ခု သာရွေးပါ]**

| | |
|---|---|
| လုံးဝစိတ်မဝင်စားပါ | 1 |
| စိတ်မဝင်စားပါ | 2 |
| အတိုင်းအတာတစ်ခုထိ စိတ်ဝင်စားသည် | 3 |
| အလွန်စိတ်ဝင်စားသည် | 4 |
| မသိပါ | 98 |
| မဖြေဆိုလိုပါ | 99 |

**Q17** မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီနိုင်ငံတစ်ခု အပြည့်အဝဖြစ်လာတာဟာ [သင့်] အတွက် ဘယ်လောက်ထိ အရေးကြီးတယ်လို့ ထင်ပါသလဲ။ **[အဖြေ ၁ ခု သာရွေးပါ]**

| လုံးဝအရေးမကြီးပါ (1) | သိပ်အရေးမကြီးပါ (2) | အတိုင်းအတာတစ်ခုထိ အရေးကြီးသည် (3) | အလွန်အရေးကြီးသည် (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
|---|---|---|---|---|---|

**Q18** ဖက်ဒရယ်စနစ်ကျင့်သုံးရေးဟာ မြန်မာနိုင်ငံအတွက် ဘယ်လောက်အရေးကြီးတယ်လို့ [သင့်] အနေနဲ့ထင်ပါသလဲ။ **[အဖြေ ၁ ခု သာရွေးပါ]**

| လုံးဝအရေးမကြီးပါ (1) | သိပ်အရေးမကြီးပါ (2) | အတိုင်းအတာတစ်ခုထိ အရေးကြီးပါသည် (3) | အလွန်အရေးကြီးသည် (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
|---|---|---|---|---|---|

**Q19** နိုင်ငံတွင်းက နယ်နိမိတ်တွေနဲ့ ပတ်သက်လို့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ အရေအတွက်နဲ့ နယ်နိမိတ်သတ်မှတ်ချက်ကို [သင့်] ရဲ့ အမြင်မှာ အခုလက်ရှိ သတ်မှတ်ထားတဲ့အတိုင်းပဲ ဆက်ပြီးထားမလား ဒါမှမဟုတ် ပြည်နယ်အသစ်တွေ ထပ်တိုးဖွဲ့စည်းချင်တယ်ဆိုရင် ထပ်တိုးဖွဲ့စည်းခွင့်ပေးမလား။ **[အဖြေ ၁ ခု သာရွေးပါ]**

| | |
|---|---|
| လက်ရှိသတ်မှတ်ထားတဲ့အတိုင်းပဲ ထားသင့်ပါတယ် | 1 |
| ပြည်နယ်အသစ်တွေဖွဲ့စည်းတာကို ခွင့်ပြုသင့်တယ် | 2 |
| မသိပါ | 98 |
| မဖြေဆိုလိုပါ | 99 |

| Q20 | [သင့်]ရဲ့ အမြင်မှာ မြန်မာနိုင်ငံကို လက်ရှိအတိုင်းပဲ ဆက်ပြီး စုစည်းထားသင့်တယ်လို့ ထင်ပါသလား ဒါမှမဟုတ် နိုင်ငံကနေ ခွဲထွက်ဖို့ ဆန္ဒရှိတဲ့ ဒေသတွေကို ခွဲထွက်ခွင့်ပြုသင့်တယ်လို့ ထင်ပါသလား။ **[အဖြေ ၁ ခု သာရွေးပါ]** | |
|---|---|---|
| | လက်ရှိအတိုင်းပဲ စုစည်းထားသင့်ပါတယ် | 1 |
| | ခွဲထွက်ဖို့ဆန္ဒရှိတဲ့ ဒေသတွေကို ခွဲထွက်ခွင့်ပြုသင့်ပါတယ် | 2 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

## လက်ရှိကာလအခြေအနေ

| Q21 | လက်ရှိမြန်မာနိုင်ငံရဲ့အခြေအနေကို ခြုံငုံသုံးသပ်ရမယ်ဆိုရင် ယေဘုယျအားဖြင့် မြန်မာနိုင်ငံဟာ လမ်းကြောင်းမှန်ကို ဦးတည်နေတယ် ဒါမှမဟုတ် လမ်းကြောင်းမှားကို ဦးတည်သွားနေတယ်လို့ ထင်ပါသလား။ **[အဖြေ ၁ ခုသာရွေးပါ]** | |
|---|---|---|
| | လမ်းကြောင်းမှန် **[Q22 ကို ဆက်ဖြေပါ]** | 1 |
| | လမ်းကြောင်းမှား **[Q23 သို့]** | 2 |
| | မသိပါ **[Q24 သို့]** | 98 |
| | မဖြေဆိုလိုပါ **[Q24 သို့]** | 99 |

| Q22 | လက်ရှိမှာ မြန်မာနိုင်ငံက ဘာကြောင့်လမ်းကြောင်းမှန်အတိုင်း သွားနေတယ်ဆိုတာနဲ့ ပတ်သက်ပြီး အကြောင်းပြချက်အချို့ကို အောက်မှာဖော်ပြထားပါတယ်။ [သင့်]ရဲ့ အမြင်နဲ့ အနီးစပ်ဆုံးတူညီတဲ့ အကြောင်းပြချက် ၃ ခုကို ရွေးပေးပါ။ **[အဖြေ ၃ ခု အထိ ဖြေဆိုနိုင်ပါသည်။ အနည်းဆုံး အဖြေ ၂ ခု ဖြေဆိုပါ]** | |
|---|---|---|
| | ဖက်ဒရယ် ဒီမိုကရေစီကို ဦးတည်နေလို့ | 1 |
| | NUG (အမျိုးသားညီညွတ်ရေးအစိုးရ) ရဲ့ ဦးဆောင်မှုရှိနေလို့ | 2 |
| | မြန်မာ့တပ်မတော်ရဲ့ ဦးဆောင်မှုရှိနေလို့ | 3 |
| | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ဦးဆောင်မှုရှိနေလို့ | 4 |
| | ကုလသမဂ္ဂ၊ အာဆီယံနဲ့ နိုင်ငံတကာရဲ့ ပါဝင်ဆောင်ရွက်မှုကြောင့် | 5 |
| | တိုင်းရင်းသားအဖွဲ့တွေရဲ့ နယ်မြေစိုးမိုးမှု ပိုမိုများပြားလာလို့ | 6 |
| | PDF တွေနဲ့ ဒေသကာကွယ်ရေးတပ်တွေရဲ့ နယ်မြေစိုးမိုးမှု ပိုမိုများပြားလာလို့ | 7 |

| | | |
|---|---|---|
| | PDF တွေနဲ့ ဒေသကာကွယ်ရေးတပ်တွေရဲ့ နယ်မြေစိုးမိုးမှု ပိုမိုများပြားလာလို့ | 7 |
| | အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ ဦးဆောင်မှုရှိနေလို့ | 8 |
| | ပြည်သူလူထုရဲ့ ပါဝင်မှုကြောင့် | 9 |
| | ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုကောင်းမွန်လာသောကြောင့် | 10 |
| | နိုင်ငံရဲ့ စီးပွားရေးပိုမိုကောင်းမွန်လာသောကြောင့် | 11 |
| | တရားဥပဒေစိုးမိုးရေး ပိုမိုကောင်းမွန်လာသောကြောင့် | 12 |
| | အစိုးရဝန်ဆောင်မှုတွေ ပိုမိုကောင်းမွန်လာသောကြောင့် | 13 |
| | လက်နက်ကိုင်ပဋိပက္ခဖြေရှင်းဖို့ ဆောင်ရွက်မှုတွေ ပိုမိုများပြားလာသောကြောင့် | 14 |
| | အခြား (အသေးစိတ်ရေးပါ) _________________________ | 97 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| | | |
|---|---|---|
| **Q23** | လက်ရှိမှာ မြန်မာနိုင်ငံက ဘာကြောင့် လမ်းကြောင်းမှားအတိုင်း သွားနေတယ်ဆိုတာနဲ့ ပတ်သက်ပြီး အကြောင်းပြချက် အချို့ကို အောက်မှာဖော်ပြထားပါတယ်။ [သင့်] ရဲ့ အမြင်နဲ့ အနီးစပ်ဆုံးတူညီတဲ့ အကြောင်းပြချက် ၃ ခုကို ရွေးပေးပါ။<br>**[အဖြေ ၃ ခု အထိဖြေဆိုနိုင်ပါသည်။ အနည်းဆုံး အဖြေ ၂ ခု ဖြေဆိုပါ]** | |
| | လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုတွေကျယ်ပြန့်လာသောကြောင့် | 1 |
| | မြန်မာစစ်တပ်ကအာဏာသိမ်းထားသောကြောင့် | 2 |
| | နိုင်ငံစီးပွားရေးကျဆင်းနေလို့ | 3 |
| | ရာဇဝတ်မှု၊ အဂတိလိုက်စားမှုများပြီး တရားဥပဒေစိုးမိုးမှု မရှိသောကြောင့် | 4 |
| | လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုများပြားလာသောကြောင့် | 5 |
| | အစိုးရဝန်ဆောင်မှုလုပ်ငန်းတွေ အရည်အသွေးကျဆင်းသွားလို့ | 6 |
| | SAC ရဲ့ စီမံခန့်ခွဲမှု အားနည်းလို့ | 7 |
| | NUG ရဲ့ ဦးဆောင်မှု အားနည်းလို့ | 8 |
| | ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းတွေ မရှိတော့လို့ | 9 |

| | | |
|---|---|---|
| | သဘာဝပတ်ဝန်းကျင် ထိခိုက်မှုပိုမိုများပြားလာသောကြောင့် | 10 |
| | နိုင်ငံတကာနှင့် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများကြောင့် | 11 |
| | လက်ရှိပဋိပက္ခကို စစ်ရေးနည်းလမ်းဖြင့်ဖြေရှင်းနေသောကြောင့် | 12 |
| | နိုင်ငံပြိုကွဲရေးကို ဦးတည်နေသောကြောင့် | 13 |
| | အခြား (အသေးစိတ်ရေးပါ) ________________________ | 97 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

## လူမှုစီးပွားအခြေအနေ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အောက်မှာဖော်ပြထားတဲ့ လူမှုဘဝကိစ္စတွေရဲ့ လက်ရှိအနေအထားကို [သင့်] အနေနဲ့ ဘယ်လောက်အတိုင်းအတာအထိ စိတ်ကျေနပ်မှုရှိနေတယ်ဆိုတာကို အဆင့် 1 မှ 5 အတွင်းအဆင့်သတ်မှတ်ပေးပါ။ **(1) စိတ်ကျေနပ်မှုလုံးဝမရှိပါ - (5) အလွန်စိတ်ကျေနပ်သည်** | | | | | | | | |
| **Q24** | သင့်ရဲ့ လက်ရှိ မိသားစုဘဝ | စိတ်ကျေနပ်မှုလုံးဝမရှိပါ (1) | စိတ်ကျေနပ်မှုသိပ်မရှိပါ (2) | ကြားနေ (3) | အတိုင်းအတာတစ်ခုထိ စိတ်ကျေနပ်သည် (4) | အလွန်စိတ်ကျေနပ်သည် (5) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| **Q25** | သင့်ရဲ့ လက်ရှိ ပညာရေး အခြေအနေ | စိတ်ကျေနပ်မှုလုံးဝမရှိပါ (1) | စိတ်ကျေနပ်မှုသိပ်မရှိပါ (2) | ကြားနေ (3) | အတိုင်းအတာတစ်ခုထိ စိတ်ကျေနပ်သည် (4) | အလွန်စိတ်ကျေနပ်သည် (5) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| **Q26** | သင်နေထိုင်သော ရပ်/ရွာပတ်ဝန်းကျင် | စိတ်ကျေနပ်မှုလုံးဝမရှိပါ (1) | စိတ်ကျေနပ်မှုသိပ်မရှိပါ (2) | ကြားနေ (3) | အတိုင်းအတာတစ်ခုထိ စိတ်ကျေနပ်သည် (4) | အလွန်စိတ်ကျေနပ်သည် (5) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| **Q27** | သင့်ရဲ့ တစ်ကိုယ်ရေ တစ်ကာယကျန်းမာရေး | စိတ်ကျေနပ်မှုလုံးဝမရှိပါ (1) | စိတ်ကျေနပ်မှုသိပ်မရှိပါ (2) | ကြားနေ (3) | အတိုင်းအတာတစ်ခုထိ စိတ်ကျေနပ်သည် (4) | အလွန်စိတ်ကျေနပ်သည် (5) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| **Q28** | သင်ရရှိနေတဲ့ ကိုယ်ပိုင် အားလပ်ချိန် | စိတ်ကျေနပ်မှုလုံးဝမရှိပါ (1) | စိတ်ကျေနပ်မှုသိပ်မရှိပါ (2) | ကြားနေ (3) | အတိုင်းအတာတစ်ခုထိ စိတ်ကျေနပ်သည် (4) | အလွန်စိတ်ကျေနပ်သည် (5) | မသိပါ (98) | မဖြေဆိုလိုပါ (99) |

| Q29 | သင့်ရဲ့လူနေမှု အဆင့်အတန်း၊ ဝယ်ယူသုံးစွဲနိုင်မှု | စိတ်ကျေနပ်မှုလုံးဝမရှိပါ (1) | စိတ်ကျေနပ်မှုသိပ်မရှိပါ (2) | ကြားနေ (3) | အတိုင်းအတာတစ်ခုထိ စိတ်ကျေနပ်သည် (4) | အလွန်စိတ်ကျေနပ်သည် (5) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
|---|---|---|---|---|---|---|---|---|

| | စီးပွားရေးအခြေအနေနဲ့ပတ်သက်ပြီး အောက်မှာဖော်ပြထားတဲ့ ကဏ္ဍတွေက [သင့်] ရဲ့ အမြင်မှာ ဘယ်လောက်အတိုင်းအတာအထိ အဆင်ပြေမှုရှိနေသလဲ ဆိုတာ အဆင့်သတ်မှတ်ပေးပါ။ | | | | | | |
|---|---|---|---|---|---|---|---|
| Q30 | တစ်နိုင်ငံလုံး၏ ယေဘုယျစီးပွားရေး အနေအထား | လုံးဝအဆင်မပြေပါ (1) | သိပ်အဆင်မပြေပါ (2) | အတိုင်းအတာတစ်ခုထိ အဆင်ပြေပါသည် (3) | အလွန်အဆင်ပြေပါသည် (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| Q31 | သင့်ရဲ့ ဝင်ငွေ | လုံးဝအဆင်မပြေပါ (1) | သိပ်အဆင်မပြေပါ (2) | အတိုင်းအတာတစ်ခုထိ အဆင်ပြေပါသည် (3) | အလွန်အဆင်ပြေပါသည် (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| Q32 | ကုန်ဈေးနှုန်းနှင့် ဝန်ဆောင်ခများ | လုံးဝအဆင်မပြေပါ (1) | သိပ်အဆင်မပြေပါ (2) | အတိုင်းအတာတစ်ခုထိ အဆင်ပြေပါသည် (3) | အလွန်အဆင်ပြေပါသည် (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| Q33 | အလုပ်အကိုင် အခွင့်အလမ်း | လုံးဝအဆင်မပြေပါ (1) | သိပ်အဆင်မပြေပါ (2) | အတိုင်းအတာတစ်ခုထိ အဆင်ပြေပါသည် (3) | အလွန်အဆင်ပြေပါသည် (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| Q34 | စီးပွားရေးလုပ်ငန်း အခွင့်အလမ်း | လုံးဝအဆင်မပြေပါ (1) | သိပ်အဆင်မပြေပါ (2) | အတိုင်းအတာတစ်ခုထိ အဆင်ပြေပါသည် (3) | အလွန်အဆင်ပြေပါသည် (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |

| Q35 | ပြီးခဲ့တဲ့ ၆ လအတွင်းမှာ [သင့်] အနေနဲ့ အောက်မှာ ဖော်ပြထားတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရတာမျိုး ဒါမှမဟုတ် မဖြစ်မနေဆောင်ရွက်ရတာမျိုးတွေ ဖြစ်ခဲ့ဖူးပါသလား။ **[အကျုံးဝင်သမျှ ရွေးပါ]** | |
|---|---|---|
| | ရှေ့အနာဂတ်အတွက် စိုးရိမ်ပူပင်နေရတယ် | 1 |
| | မီတာခ သို့မဟုတ် ဖုန်းဘေ ပေးဆောင်ဖို့နောက်ကျနေတာ ဒါမှမဟုတ် မပေးနိုင်ခဲ့တာ | 2 |
| | အကြွေးထပ်ယူ ချေးငှားရတာ (ချေးငွေ၊ အကြွေးဝယ်ကတ် စသဖြင့်) | 3 |
| | ထမင်းနပ်လျှော့စားခဲ့ရတာ | 4 |
| | အရင်ကထက် မိသားစုနှင့် ကတောက်ကဆတွေပိုဖြစ်လာတာ | 5 |
| | ပိုင်ဆိုင်မှုတွေကို ပေါင်နှံတာ သို့မဟုတ် ရောင်းချတာတွေလုပ်ခဲ့ရတယ် | 6 |
| | လိုအပ်တဲ့ဆေးဝါး ဒါမှမဟုတ်၊ ဆေးကုသတာတွေ မလုပ်ခဲ့ရတာ | 7 |

| | | |
|---|---|---|
| | ဝင်ငွေမရှိဘဲ နေထိုင်ခဲ့ရတယ် | 8 |
| | အထက်ပါအခြေအနေ တစ်ခုမှမကြုံတွေ့ခဲ့ပါ | 9 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

## လက်ရှိပဋိပက္ခများအပေါ် ယေဘုယျသဘောထားအမြင်

| | | |
|---|---|---|
| **Q36** | မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေက နောက်ထပ်ဘယ်လောက်ကြာတဲ့အထိ ဆက်ဖြစ်နေမယ်လို့ [သင့်] အနေနဲ့ ထင်မြင်ပါသလဲ။ **[အဖြေ ၁ ခု သာရွေးပါ]** | |
| | နောက် ၆ လ အထိ | 1 |
| | ၆ လ မှ ၁ နှစ်အထိ | 2 |
| | ၁ နှစ် မှ ၂ နှစ်အထိ | 3 |
| | ၂ နှစ် မှ ၃ နှစ်အထိ | 4 |
| | ၃ နှစ် မှ ၄ နှစ်အထိ | 5 |
| | ၄ နှစ် မှ ၅ နှစ်အထိ | 6 |
| | ၅ နှစ် အထက် | 7 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| | | |
|---|---|---|
| **Q37** | လက်ရှိဖြစ်ပွားနေတဲ့ နိုင်ငံရေးပဋိပက္ခတွေ ရပ်တန့်သွားဖို့အတွက် စစ်ရေးနည်းလမ်းက ဘယ်လောက်အတိုင်းအတာအထိ ထိရောက်မယ်လို့ထင်ပါသလဲ။ **[အဖြေ ၁ ခု သာရွေးပါ]** | |
| | လုံးဝထိရောက်မှုမရှိပါ | 1 |
| | အနည်းငယ်သာထိရောက်မှုရှိသည် | 2 |
| | အတိုင်းအတာတစ်ခုထိ ထိရောက်မှုရှိသည် | 3 |
| | အလွန်ထိရောက်မှုရှိပါသည် | 4 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| Q38 | လက်ရှိဖြစ်ပွားနေတဲ့ နိုင်ငံရေးပဋိပက္ခတွေ ရပ်တန့်သွားဖို့အတွက် အာဆီယံနဲ့ ကုလသမဂ္ဂအပါအဝင် **နိုင်ငံတကာက ကြားဝင်စေ့စပ်တဲ့နည်းလမ်းက** ဘယ်လောက်အတိုင်းအတာအထိ ထိရောက်မယ်လို့ထင်ပါသလဲ။ **[အဖြေ ၁ ခု သာရွေးပါ]** | |
|---|---|---|
| | လုံးဝထိရောက်မှုမရှိပါ | 1 |
| | အနည်းငယ်သာထိရောက်မှုရှိသည် | 2 |
| | အတိုင်းအတာတစ်ခုထိ ထိရောက်မှုရှိသည် | 3 |
| | အလွန်ထိရောက်မှုရှိပါသည် | 4 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| Q39 | လက်ရှိဖြစ်ပွားနေတဲ့ နိုင်ငံရေးပဋိပက္ခတွေ ရပ်တန့်သွားဖို့အတွက် နိုင်ငံရေး၊ စစ်ရေး ခေါင်းဆောင်များအကြား **စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းနည်းလမ်းက** ဘယ်လောက်အတိုင်းအတာအထိ ထိရောက်မယ်လို့ထင်ပါသလဲ။ **[အဖြေ ၁ ခု သာရွေးပါ]** | |
|---|---|---|
| | လုံးဝထိရောက်မှုမရှိပါ | 1 |
| | အနည်းငယ်သာထိရောက်မှုရှိသည် | 2 |
| | အတိုင်းအတာတစ်ခုထိ ထိရောက်မှုရှိသည် | 3 |
| | အလွန်ထိရောက်မှုရှိပါသည် | 4 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| Q40 | လက်ရှိ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးနဲ့ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ပတ်သက်လို့ အောက်မှာဖော်ပြထားတဲ့ အဆိုပြုချက် ၂ ခုထဲက [သင့်]ရဲ့သဘောထားအမြင်နဲ့ အနီးစပ်ဆုံးတူညီတဲ့ အဆိုပြုချက် တစ်ခုကို ရွေးပေးပါ။ **[အဖြေ ၁ ခု သာရွေးပါ]** | |
|---|---|---|
| | NUG၊ EAO၊ PDF များအနေဖြင့် အနိုင်ရသည်အထိ စစ်ပွဲများကို ဆက်လက်တိုက်ခိုက်သင့်ပါသည် | 1 |
| | NUG၊ EAO၊ PDF များအနေဖြင့် နိုင်ငံရေး၊ စစ်ရေးပဋိပက္ခများကို ဖြေရှင်းနိုင်သည့် နိုင်ငံရေးနည်းလမ်းကို အမြန်ဆုံးရှာဖွေသင့်ပါသည် | 2 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

# အင်စတီကျူးရှင်းများအပေါ်ယုံကြည်မှု

နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်ခေါင်းဆောင်အချို့ရဲ့ အမည်တွေကို အောက်မှာ ဖော်ပြထားပါတယ်။ [သင့်]အနေနဲ့ အဖွဲ့တစ်ဖွဲ့ချင်းစီ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအပေါ် ယုံကြည်မှု ဘယ်လောက်ရှိတယ်ဆိုတာ အဆင့်သတ်မှတ်ပေးပါ။

**(1) လုံးဝယုံကြည်မှုမရှိပါ - (4) ယုံကြည်မှုအပြည့်အဝရှိပါသည်**

| | | | | | | | |
|---|---|---|---|---|---|---|---|
| **Q41** | ဒေါ်အောင်ဆန်းစုကြည် | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာတစ်ခု ထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေဆိုလို ပါ (99) |
| **Q42** | NUG ယာယီသမ္မတ ဒူဝါ လရှီးလ | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာတစ်ခု ထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေဆိုလို ပါ (99) |
| **Q43** | အမျိုးသားညီညွတ်ရေး အစိုးရ (NUG) | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာတစ်ခု ထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေဆိုလို ပါ (99) |
| **Q44** | အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာတစ်ခု ထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေဆိုလို ပါ (99) |
| **Q45** | NUG ၏ ပြည်သူ့ ကာကွယ်ရေး တပ်များ (PDF) | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာတစ်ခု ထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေဆိုလို ပါ (99) |
| **Q46** | NUG ၏ ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့များ | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာတစ်ခု ထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေဆိုလို ပါ (99) |
| **Q47** | NUG လက်အောက်ခံ မဟုတ်သည့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ် များ (LDF) | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာတစ်ခု ထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေဆိုလို ပါ (99) |

နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်ခေါင်းဆောင်အချို့ရဲ့ အမည်တွေကို အောက်မှာ ဖော်ပြထားပါတယ်။ [သင့်]အနေနဲ့ အဖွဲ့တစ်ဖွဲ့ချင်းစီ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအပေါ် ယုံကြည်မှု ဘယ်လောက်ရှိတယ်ဆိုတာ အဆင့်သတ်မှတ်ပေးပါ။

**(1) လုံးဝယုံကြည်မှုမရှိပါ - (4) ယုံကြည်မှုအပြည့်အဝရှိပါသည်**

| | | | | | | | |
|---|---|---|---|---|---|---|---|
| **Q48** | ဗိုလ်ချုပ်မှူးကြီးမင်း အောင်လှိုင် | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာ တစ်ခုထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေ ဆိုလိုပါ (99) |

| | | | | | | | |
|---|---|---|---|---|---|---|---|
| **Q49** | နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ (SAC) | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာ တစ်ခုထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေ ဆိုလိုပါ (99) |
| **Q50** | မြန်မာ့တပ်မတော် | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာ တစ်ခုထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေ ဆိုလိုပါ (99) |
| **Q51** | ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာ တစ်ခုထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေ ဆိုလိုပါ (99) |
| **Q52** | SAC ၏ ရပ်ကျေးအုပ်ချုပ် ရေးမှူးများနှင့်အဖွဲ့ဝင်များ | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာ တစ်ခုထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေ ဆိုလိုပါ (99) |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်ခေါင်းဆောင်အချို့ရဲ့ အမည်တွေကို အောက်မှာ ဖော်ပြထားပါတယ်။ [သင့်]အနေနဲ့ အဖွဲ့တစ်ဖွဲ့ချင်းစီ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအပေါ် ယုံကြည်မှု ဘယ်လောက်ရှိတယ်ဆိုတာ အဆင့်သတ်မှတ်ပေးပါ။<br>**(1) လုံးဝယုံကြည်မှုမရှိပါ - (4) ယုံကြည်မှုအပြည့်အဝရှိပါသည်** | | | | | | |
| **Q53** | **နိုင်ငံရေးပါတီများ** | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာ တစ်ခုထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေ ဆိုလိုပါ (99) |
| **Q54** | **အရပ်ဘက်အဖွဲ့အစည်းများ** | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာ တစ်ခုထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေ ဆိုလိုပါ (99) |
| **Q55** | **ဘာသာရေးခေါင်းဆောင် များ** | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာ တစ်ခုထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေ ဆိုလိုပါ (99) |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်ခေါင်းဆောင်အချို့ရဲ့ အမည်တွေကို အောက်မှာ ဖော်ပြထားပါတယ်။ [သင့်]အနေနဲ့ အဖွဲ့တစ်ဖွဲ့ချင်းစီ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအပေါ် ယုံကြည်မှု ဘယ်လောက်ရှိတယ်ဆိုတာ အဆင့်သတ်မှတ်ပေးပါ။<br>**(1) လုံးဝယုံကြည်မှုမရှိပါ - (4) ယုံကြည်မှုအပြည့်အဝရှိပါသည်** | | | | | | |
| **Q56** | K3C မဟာမိတ်အဖွဲ့ (CNF, KIO, KNPP, KNU) | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာ တစ်ခုထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေ ဆိုလိုပါ (99) |

| | | | | | | | |
|---|---|---|---|---|---|---|---|
| Q57 | 3BHA ညီနောင်မဟာမိတ် သုံးဖွဲ့ (AA, MNDAA, TNLA) နှင့် UWSA | လုံးဝ ယုံကြည်မှုမရှိပါ (1) | ယုံကြည်မှု သိပ်မရှိပါ (2) | အတိုင်းအတာ တစ်ခုထိ ယုံကြည်ပါသည် (3) | ယုံကြည်မှု အပြည့်အဝ ရှိပါသည် (4) | မသိပါ (98) | မဖြေ ဆိုလိုပါ (99) |

## လူမှုမီဒီယာနှင့် သတင်းအရင်းအမြစ်

| | | |
|---|---|---|
| Q58 | လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေး ပဋိပက္ခတွေနဲ့ ပတ်သက်ပြီး သိရှိနားလည်နိုင်ဖို့ ဒါမှမဟုတ် အကောင်းအဆိုး သုံးသပ်ဖို့ [သင့်] အနေနဲ့ ဘယ်သူတွေရဲ့ သဘောထားအမြင်မှတ်ချက်ကို အဓိကထား ထည့်သွင်းစဉ်းစားဆုံးဖြတ်ပါသလဲ။ အောက်မှာဖော်ပြထားတဲ့ ပုဂ္ဂိုလ်တွေထဲက [သင်] အလေးထားထည့်သွင်းစဉ်းစားတဲ့ပုဂ္ဂိုလ် ၃ မျိုးကို ရွေးချယ်ပေးပါ။ **[အဖြေ ၃ ခုအထိ ဖြေဆိုနိုင်ပါသည်]** | |
| | နိုင်ငံရေးခေါင်းဆောင်များ | 1 |
| | လူမှုကွန်ရက်တွင် ဩဇာလွှမ်းမိုးသူများ/အနုပညာရှင်များ | 2 |
| | ရပ်/ရွာခေါင်းဆောင်များ | 3 |
| | တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ | 4 |
| | ဘာသာရေးခေါင်းဆောင်များ | 5 |
| | အရပ်ဘက်လူမှုအဖွဲ့အစည်းခေါင်းဆောင်များ | 6 |
| | မိတ်ဆွေသူငယ်ချင်းနှင့် မိသားစုဝင်များ | 7 |
| | နိုင်ငံတကာအဖွဲ့အသိုင်းအဝိုင်း | 8 |
| | စီးပွားရေးလုပ်ငန်းရှင်များ | 9 |
| | အမျိုးသားညီညွတ်ရေးအစိုးရ | 10 |
| | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | 11 |
| | သတင်းမီဒီယာများ | 12 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| Q59 | နိုင်ငံရေးနဲ့ပတ်သက်တဲ့ သတင်းတွေကို ဘယ်သတင်းအရင်းအမြစ်ကနေ အများဆုံး ရယူပါသလဲ။ **[အဖြေ ၁ ခု သာရွေးပါ]** | |
|---|---|---|
| | သတင်းစာ/ဂျာနယ် | 1 |
| | ရုပ်မြင်သံကြား | 2 |
| | ရေဒီယို | 3 |
| | ဖေ့စ်ဘုတ် (Facebook) | 4 |
| | တယ်လီဂရမ် (Telegram) | 5 |
| | တစ်တော့ခ် (TikTok) | 6 |
| | ယူကျု (YouTube) | 7 |
| | သတင်းမီဒီယာများ၏ website များ | 8 |
| | အပေါင်းအသင်းမိတ်ဆွေများ၊ မိသားစုဝင်များ | 9 |
| | နိုင်ငံရေးနဲ့ပတ်သက်တဲ့ သတင်းများ ဖတ်ရှုခြင်း/ကြည့်ရှုခြင်း မလုပ်ပါ | 10 |
| | အခြား (အသေးစိတ်ရေးပါ): ______________ | 97 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| Q60 | မြန်မာနိုင်ငံရဲ့ လက်ရှိဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ ပတ်သက်လို့ ဘယ်လိုအကြောင်းအရာတွေကို [သင့်]ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ် မှာ အများဆုံးတွေ့ရလေ့ရှိပါသလဲ။ အတွေ့ရအများဆုံး အကြောင်းအရာ ၃ ခုကို ရွေးချယ်ပေးပါ။ **[အဖြေ ၃ ခုအထိ ဖြေဆိုနိုင်ပါသည်]** | |
|---|---|---|
| | စစ်ရေးလှုပ်ရှားမှုများ၊ အကြမ်းဖက်မှုသတင်းများ | 1 |
| | နိုင်ငံရေးနည်းအရအဖြေရှာခြင်းနည်းလမ်းများ | 2 |
| | နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများက ကြားဝင်ညှိနှိုင်းမှုဆိုင်ရာသတင်းများ | 3 |
| | အကြမ်းမဖက်လှုပ်ရှားမှုများ | 4 |

| | | |
|---|---|---|
| | ဖျော်ဖြေရေးနှင့် ကိုယ်ရေးကိုယ်တာကိစ္စများ၊ ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်များ၏ သတင်းများ | 5 |
| | အမုန်းစကားများ၊ ခွဲခြားဆက်ဆံမှုများ | 6 |
| | လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ | 7 |
| | လူမှုစီးပွားဆိုင်ရာ ပြဿနာများ၊ နေ့စဉ်ဘဝတွင် ကြုံတွေ့နေရသော အခက်အခဲများ | 8 |
| | ရွေးကောက်ပွဲသတင်းများ | 9 |
| | မှုခင်းသတင်းများနှင့် ပုဂ္ဂလိကလုံခြုံရေးဆိုင်ရာ သတင်းများ | 10 |
| | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ သဘာဝဘေးအန္တရာယ်များ | 11 |
| | စစ်မှုထမ်းစုဆောင်းခံရခြင်း | 12 |
| | လိမ်လည်မှုများ၊ သတင်းတုသတင်းမှားများ၊ ကလစ်ဘိတ်များ | 13 |
| | အခြား (အသေးစိတ်ရေးပါ): ______________ | 97 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| | လူမှုကွန်ရက်ကို အသုံးပြုတဲ့အခါ [သင့်]ရဲ့ လူမှုကွန်ရက်စာမျက်နှာမှာ အောက်မှာဖော်ပြထားတဲ့ အကြောင်းအရာတွေကို တွေ့ရတယ်ဆိုရင် ဘယ်လောက်အတိုင်းအတာထိ တွေ့ရလေ့ရှိပါသလဲ။ | | | | | | |
|---|---|---|---|---|---|---|---|
| **Q61** | ပုံကြီးချဲ့ရေးသားထားသော ပို့စ်များ/ မျက်ရည်ချူပို့စ်များ | လုံးဝမတွေ့ဖူးပါ (1) | မတွေ့ရသလောက် (2) | တစ်ခါတစ်ရံ (3) | မကြာခဏ (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| **Q62** | လိမ်ညာလီဆယ်ရေးသားထားသည့် အကြောင်းအရာများ | လုံးဝမတွေ့ဖူးပါ (1) | မတွေ့ရသလောက် (2) | တစ်ခါတစ်ရံ (3) | မကြာခဏ (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
| **Q63** | ဗဟုသုတဖြစ်စေပြီး အသိပညာတိုးစေသည့် အကြောင်းအရာများ | လုံးဝမတွေ့ဖူးပါ (1) | မတွေ့ရသလောက် (2) | တစ်ခါတစ်ရံ (3) | မကြာခဏ (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |

| Q64 | အကျိုးအကြောင်း ဂဃနဏ မသိဘဲ ပြစ်တင်စွပ်စွဲခြင်း သို့မဟုတ် ဆန့်ကျင်ငြင်းခုံသည့် အကြောင်းအရာများ | လုံးဝမတွေ့ဖူးပါ (1) | မတွေ့ရသလောက် (2) | တစ်ခါတစ်ရံ (3) | မကြာခဏ (4) | မသိပါ (98) | မဖြေဆိုလိုပါ (99) |
|---|---|---|---|---|---|---|---|

| Q65 | ယေဘုယျအားဖြင့် လူမှုကွန်ရက်မှာ မျှဝေကြတဲ့ အကြောင်းအရာတွေဟာ လက်ရှိမြန်မာ့လူ့အဖွဲ့အစည်းတွင်း ရင်ဆိုင်နေကြရတဲ့ အခိကပြဿနာတွေအပေါ် လူ့အဖွဲ့အစည်းရဲ့ သဘောထားအမြင်နဲ့ ဆန္ဒကို အမှန်တကယ် ထင်ဟပ်နေတယ်လို့ ထင်ပါသလား။ | |
|---|---|---|
| | လူ့အဖွဲ့အစည်း၏ သဘောထားနှင့် ဆန္ဒကို အမှန်တကယ် ထင်ဟပ်ပါသည် | 1 |
| | လူ့အဖွဲ့အစည်း၏ သဘောထားနှင့် ဆန္ဒကို ထင်ဟပ်ခြင်းမရှိပါ | 2 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

## ၂၀၂၅ ရွေးကောက်ပွဲ

| Q66 | လတ်တလောမှာ၂၀၂၅ ခုနှစ်အတွင်း ရွေးကောက်ပွဲလုပ်မယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်လျက်ရှိပါတယ်။ အခုအချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ရွေးကောက်ပွဲတွေကျင်းပဖို့ အချိန်အခါသင့်ပြီလို့ [သင့်] အနေနဲ့ထင်ပါသလား။ **[အဖြေ ၁ ခု သာရွေးပါ]** | |
|---|---|---|
| | လုံးဝအဆင်သင့်မဖြစ်ပါ | 1 |
| | အဆင်သင့်မဖြစ်သေးပါ | 2 |
| | အဆင်သင့်ဖြစ်နေပါပြီ | 3 |
| | လုံးဝအဆင်သင့်ဖြစ်နေပါပြီ | 4 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

## ဖြေဆိုသူအချက်အလက်

| Q67 | [သင့်]ရဲ့ တိုင်းရင်းသားလူမျိုးကို ပြောပြပေးပါ။ **[အကျုံးဝင်သမျှရွေးပါ]** | |
|---|---|---|
| | ကချင် | 1 |

| | | |
|---|---|---|
| | ကယား | 2 |
| | ကရင် | 3 |
| | ချင်း | 4 |
| | မွန် | 5 |
| | ရခိုင် | 6 |
| | ရှမ်း | 7 |
| | ဗမာ | 8 |
| | အခြား (အသေးစိတ်ရေးပါ)_________________________ | 97 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| | | |
|---|---|---|
| **Q68** | အမြင့်ဆုံးအောင်မြင်ပြီးဆုံးခဲ့သော အတန်း/ပညာရေး **[အဖြေ ၁ ခု သာရွေးပါ]** | |
| | အတန်းကျောင်းမနေဖူးပါ | 1 |
| | အခြားကျောင်းများ | 2 |
| | မူလတန်းအဆင့် | 3 |
| | မူလတန်းအောင် | 4 |
| | အလယ်တန်းအောင် | 5 |
| | အထက်တန်းအောင် | 6 |
| | အတတ်သင်သိပ္ပံ/အသက်မွေးဝမ်းကျောင်းကောလိပ် | 7 |
| | တက္ကသိုလ်ဘွဲ့ရ | 8 |
| | တက္ကသိုလ်ဘွဲ့လွန် | 9 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| Q69 | [သင်]ကိုးကွယ်သည့်ဘာသာ **[အဖြေ ၁ ခု သာရွေးပါ]** | |
|---|---|---|
| | ဗုဒ္ဓဘာသာဝင် | 1 |
| | ခရစ်ယာန်ဘာသာဝင် | 2 |
| | ဟိန္ဒူဘာသာဝင် | 3 |
| | မွတ်စလင်/အစ္စလာမ်ဘာသာဝင် | 4 |
| | အခြား (အသေးစိတ်ရေးပါ)________________________ | 97 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

| Q70 | [သင့်]မိသားစုရဲ့ လစဉ်ပျမ်းမျှဝင်ငွေ ဘယ်လောက်ရှိတယ်ဆိုတာ ရွေးချယ်ပါ။ **[အဖြေ ၁ ခု သာရွေးပါ]** | |
|---|---|---|
| | ကျပ် ၁ သိန်းအောက် | 1 |
| | ကျပ် ၁ သိန်းနှင့် ၂ သိန်းကြား | 2 |
| | ကျပ် ၂ သိန်းနှင့် ၃ သိန်းကြား | 3 |
| | ကျပ် ၃ သိန်းနှင့် ၄ သိန်းကြား | 4 |
| | ကျပ် ၄ သိန်းနှင့် ၅ သိန်းကြား | 5 |
| | ကျပ် ၅ သိန်းနှင့် ၁၀ သိန်းကြား | 6 |
| | ကျပ် ၁၀ သိန်းနှင့်အထက် | 7 |
| | မသိပါ | 98 |
| | မဖြေဆိုလိုပါ | 99 |

## Get more about the Blue Shirt.

https://www.facebook.com/BlueShirtInitiative

https://blueshirtinitiative.org

info@blueshirtinitiative.org